# ယနေ့မြန်မာ (title artwork)

# ရွှေမန္တလာ

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၉၂)၊ ၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၅ ရက် ၊ ၂၂-၉-၂၀၂၄၊ တနင်္ဂနွေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ○




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြည်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

## ယနေ့ ဖတ်စရာ အညွှန်း


ဂေါ်ရက်ဂ်ကာအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စိတ်ဝင်စား

စာမျက်နှာ ၁၁

ဆည်းဆာချိန် (ဆောင်းပါး)

စာမျက်နှာ ၁၇


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၈) ရက်သာ လိုတော့သည်။**

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့။

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ဌာနကြီးများ၏ အမှာစာများအရ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ပရိဘောဂများကို နှစ်စဉ်ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စက်မှုဝန်ကြီးဌာနသို့ အမှာစာများ နှစ်စဉ်တိုးမြှင့်ဝယ်ယူလျက်ရှိပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် BPI ဆေးဝါးများအတွက် ငွေကျပ် ၈၀ ဒသမ ၄၂၇ ဘီလီယံနှင့် ဆေးရုံသုံးပစ္စည်းနှင့် ပရိဘောဂများအတွက် ငွေကျပ် ၉ ဒသမ ၈၃၄ ဘီလီယံ စုစုပေါင်း ငွေကျပ် ၉၀ ဘီလီယံခန့်ဖြစ်သည့်အတွက် ယခင်နှစ်များထက် များစွာ ပိုမိုလာသည်ကို တွေ့ရှိရကြောင်း၊ ယခုလတ်တလောအခြေအနေတွင် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များကြောင့် ရေဘေးသင့်ပြည်သူလူထုများအတွက် အရေးပေါ်လိုအပ်လျက်ရှိသည့် ကျန်းမာရေးအထောက်အကူပြုဆေးဝါးများကို နယ်မြေဒေသစုံမှ လှူဒါန်းသူများနှင့် အစိုးရဌာနများမှ လှူဒါန်းမှုများအတွက် အထူးကိစ္စတစ်ရပ်အဖြစ် ရောင်းချပေးလျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမှာဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာနမှ စက်မှုဝန်ကြီးဌာနသို့ မှာယူထားသည့် ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ၊ ပရိဘောဂများ ထုတ်လုပ်မှုအခြေအနေများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက စက်မှုဝန်ကြီးဌာနမှ ပြည်သူများ လိုအပ်သည့် အခြေခံဆေးဝါးများကို တိုးမြှင့်ဝယ်ယူသွားမည်ဖြစ်သည့်အတွက် လိုအပ်သည့်ဆေးဝါးကုန်ကြမ်းများကို ကြိုတင်ဝယ်ယူထားစေလိုကြောင်း၊ ယခင်မှာယူထားသည့် ဝမ်းပျက်ဝမ်းလျှောရောဂါကုဆေးများ၊ ဓာတ်ဆားထုပ်များ၊ သွေးကြောသွင်းဆေးရည်များကို ဦးစားပေးထုတ်လုပ်ပေးစေလိုကြောင်း၊ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံဆေးဝါးများစွာ လိုအပ်သဖြင့် မကူးစက်နိုင်သော ရောဂါများဖြစ်သည့် ဆီးချို၊ သွေးတိုးကဲ့သို့သော ရောဂါများကုသသည့် ဆေးဝါးများကို တိုးမြှင့်ထုတ်လုပ်စေလိုကြောင်း၊ ဆေးရုံတစ်ခု၏ အဆင့်အတန်းမြင့်မားစေရေး၊ အမြင်တင့်တယ်မှုရှိစေရေးတို့အတွက် ဆေးရုံသုံးပရိဘောဂပစ္စည်းများကို အဆင့်မြှင့်တင်ဖြည့်ဆည်းပေးလျက်ရှိသဖြင့် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် အရည်အသွေးကောင်းမွန်သော ဆေးရုံသုံးပရိဘောဂပစ္စည်းများကို နှစ်စဉ်တိုးမြှင့်မှာယူလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ အသုံးပြုရန် လိုအပ်သည့် ဆေးဝါးများစာရင်းနှင့် ပရိဘောဂစာရင်းများကို အချိန်မီပြုစုပေးပို့သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

သို့ဖြစ်ရာ စက်မှုဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပေးနိုင်ရေးအတွက် အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး) နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**မန္တလေး စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးတပ်ဖွဲ့(မန္တလေး)မှ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးကို ချမ်းမြသာစည်မြို့နယ်၊ သူနာပြုတက္ကသိုလ်ကျောင်းဝင်း အတွင်း၊ အပြင်၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**



စုပေါင်းသန့်ရှင်းရေးကို ယနေ့ နံနက် ၆ နာရီမှ ၁၀ နာရီအထိ တပ်ဖွဲ့မှူး ရဲမှူးဇော်နိုင် ဦးစီးပြီး အရာရှိ လေးဦး၊ တပ်ဖွဲ့ဝင် ၆၀ ဦးတို့က သူနာပြုတက္ကသိုလ်ကျောင်းဝင်း အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် ကျောင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရာ ကျောင်းတာဝန်ရှိသူများက နံနက်စာဖြင့် ပြန်လည်တည်ခင်းဧည့်ခံပေးခဲ့သည်။

အလားတူ စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)မှ တပ်ဖွဲ့ဝင်များသည် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက်ကလည်း အမျိုးသားသွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## ရေဝင်ရောက်ခဲ့သည့်ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှု ကလိုရင်းဆေးခတ်ခြင်းများ ပြုလုပ်



**ကျောက်ဆည် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာတို့ ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ဝဲပုံ)**

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြက်ရပ်ကွက်၊ မင်းတွန်းရပ်ကွက်၊ ဆူးကုန်းရပ်ကွက်၊ တောင်နောက်ကျေးရွာ၊ သီးပင်ကျေးရွာ၊ ရွာပုလဲကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာများတွင် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကျောက်ဆည် ခရိုင်/ပြန်ဆက်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုသိမ်ကြီး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရဲတပ်ဖွဲ့ဝင်များသည် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်ကြီးပြည်သူ့ဆေးရုံ၌ ယနေ့ နံနက် ၇ နာရီက စတင်၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။ **(ယာပုံ)**



ထိုသို့ ဆောင်ရွက်ရာသို့ အောင်မြေသာစံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ယု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲဗလအောင်ကျော်ဦး၊ မြို့မစခန်းမှူး ဒုရဲမှူးဝင်းထွဋ်တို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၄၀ ဦးဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ ဆေးရုံ အတွင်း၊ အပြင်ရှိ ချုံနွယ်မြက်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ကောက်ယူခြင်း၊ တံမြက်စည်းလှဲခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝ၉၅)**

## တစ်ချက်တည်းကျင်းဝင်

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲက ဦးအားဟွာသည် ကျင်းအမှတ်(၃)တွင် အကွာအဝေး ၁၃၄ ကိုက်၌ ဂေါက်တံအမျိုးအစား HONMA IRON-10၊ ဂေါက်သီးအမျိုးအစား Titleist-3 ဖြင့် ဂေါက်ရိုက်ကစားရာ တစ်ချက်တည်း ကျင်းဝင်ခဲ့သည်။ တစ်ချက်တည်းကျင်းဝင်ရာတွင် အတူကစားဖော်များအဖြစ် ဦးစိုးဝင်းဇော်၊ ဦးစိုင်းဆန်းအောင်၊ ဦးမိုး၊ ဦးငယ်လေး၊ ဦးတင်မြင့်ဝင်းတို့ဖြင့် ကစားခဲ့ကြောင်း သိရသည်။

**(ကဆ)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

○ ရှေ့ဖုံးမှ

ဦးစွာ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို မှတ်တမ်းတင်ထားသည့် "သဘာဝ ဘေးအန္တရာယ်ကို ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားကြမည်" Video Clip ကို ဖွင့်လှစ်ပြသသည်။

**အလှူငွေများ အသီးသီး ပေးအပ်လှူဒါန်း**

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံခြားရေးဝန်ကြီးဌာနက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

- မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက်ကြောင့် ၆ ပုံ ၁ ပုံ (၁၆ ရာခိုင်နှုန်း)ခန့် ရေကြီးခဲ့
- ယနေ့နံနက်ရရှိသည့် စာရင်းများအရ လုံးဝပျက်စီးသွားသည့် အဆောက်အအုံပေါင်း ၂၁၄၉ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံပေါင်း ၃၄၅၅ လုံး၊ ရေဝင်နစ်မြုပ်ခဲ့သည့် အဆောက်အအုံပေါင်း ၁၃၆၀၂၃ လုံး စုစုပေါင်း ၁၄၁၆၂၇ လုံးနှင့် စာသင်ကျောင်းပေါင်း ၅၄၆ ကျောင်း ရေဝင်နစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် လူဦးရေ ၁၄၈၆၄၃ ဦး ရေဘေးဒုက္ခရောက်ခဲ့ပြီး ၃၈၄ ဦး သေဆုံးခဲ့

ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ဦးဝဏ္ဏမောင်လွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

**သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် စိတ်စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အပေါင်းကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းသည် အလွန်အင်အားပြင်းထန်သည့် မုန်တိုင်းတစ်ခုဖြစ်ပြီး ထိခိုက်ပျက်စီးမှုများသည်လည်း အလွန်များပြားခဲ့ကြောင်း၊ မုန်တိုင်း ဟိုင်နန်ကျွန်းသို့ ဖြတ်ကျော်ချိန်တွင် ပြင်းထန်မှုရှိသည်ကို နိုင်ငံတကာမှ ထုတ်ပြန်သည့် သတင်းများအရ သိရှိခဲ့ကြောင်း၊ အတွေ့အကြုံများအရ ဗီယက်နမ်နိုင်ငံတွင် မုန်တိုင်းဝင်ပြီး နှစ်ရက်ခန့်အကြာတွင် မိမိတို့နိုင်ငံ ရှမ်းပြည်နယ်အတွင်း၌ ပုံမှန်မိုးရွာသွန်းမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုအတိုင်း အတာအထိဖြစ်မည်ဟု မမျှော်မှန်းခဲ့ကြကြောင်း၊ တစ်ချိန်တည်းတွင် ဘင်္ဂလားပင်လယ်အော်၌လည်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေခဲ့ကြောင်း၊ ယင်းတို့၏ အရှိန်များကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နေပြည်တော် ကောင်စီနယ်မြေနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ မြို့နယ်အချို့တို့၌ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုကဲ့သို့ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုများကြောင့် တောင်ကုန်း တောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများ တစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုကြုံတွေ့ခဲ့ရသည့် ရေဘေးကြုံတွေ့ခဲ့ရသည့် ဒေသများတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ ဆိုးရွားသည့် အခြေအနေ မကြုံတွေ့ခဲ့ဖူးကြောင်းကို သိရှိရကြောင်း၊ ညအချိန် မိုးရွာသွန်းမှုများပြားပြီး ရုတ်တရက် တောင်ကျရေများ အလုံးအရင်းဖြင့် စီးဆင်းလာခဲ့သဖြင့် ထိခိုက်မှုများပြားခဲ့ရခြင်း ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ »»

»» စာမျက်နှာ ၃ မှ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက်ကြောင့် ခြောက်ပုံတစ်ပုံ (၁၆ ရာခိုင်နှုန်း) ခန့် ရေကြီးခဲ့ကြောင်း၊ ယနေ့နံနက်ရရှိသည့် စာရင်းများအရ လုံးဝပျက်စီးသွားသည့် အဆောက်အအုံပေါင်း ၂၁၄၉ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် အဆောက်အအုံပေါင်း ၃၄၅၅ လုံး၊ ရေဝင်နစ်မြုပ်ခဲ့သည့် အဆောက်အအုံပေါင်း ၁၃၆၀၂၃ လုံး စုစုပေါင်း ၁၄၁၆၂၇ လုံးနှင့် စာသင်ကျောင်းပေါင်း ၅၄၆ ကျောင်း ရေဝင်နစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် လူဦးရေ ၁၄၈၆၄၃ ဦး ရေဘေးဒုက္ခရောက်ခဲ့ပြီး ၃၈၄ ဦး သေဆုံးခဲ့ကြောင်း၊ နေပြည်တော်မှ ၁၆၄ ဦး၊ ကရင်ပြည်နယ်မှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၃၄ ဦး၊ ရှမ်းပြည်နယ်မှ ၇၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦးဖြစ်ပြီး ပျောက်ဆုံးနေသူ ၈၉ ဦးရှိကြောင်း၊ ဘာသာရေးနှင့်ပတ်သက်ပြီး ၄၃၅ ကျောင်း ပျက်စီးခဲ့ကြောင်း၊ လမ်းတံတား ၅၃၃ ခု ရေမျောပျက်စီးခဲ့ကြောင်း၊ လျှပ်စစ်မီးတိုင် ၂၄၈၉ တိုင်၊ ဆက်သွယ်ရေးတာဝါတိုင် ၉၉ ခု၊ တိရစ္ဆာန်သေဆုံးမှု ၁၄၄၉၉၈ ကောင်၊ စပါးစိုက်ဧက ၇၃၅၄၆၁ ဧက ပျက်စီးခဲ့သည်ကို တွေ့ရှိရကြောင်း။

ယခုအချိန်သည် အားလုံးအတွက် အခက်အခဲများ ကိုယ်စီဖြစ်ပေါ်လျက်ရှိသည့်အချိန် ဖြစ်သော်လည်း အလှူငွေများ များစွာ ထည့်ဝင်ခဲ့ကြသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ရပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ အလားတူ ရေဘေးသင့်ပြည်သူများကိုလည်း အားလုံးက ဝိုင်းဝန်း၍လှူဒါန်းခြင်း၊ ကူညီကယ်ဆယ်ခြင်းများကိုလည်း အဆက်မပြတ် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မြန်မာလူမျိုးများ၏ လှူချင်၊ တန်းချင်သည့်စိတ်များကြောင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြခြင်းဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများအနေဖြင့် ရေရုတ်တရက် စီးဆင်းလာချိန်တွင် ရရာပစ္စည်းများကိုသာ ယူဆောင်လာရသဖြင့် အခက်အခဲများစွာ ရှိကြကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ရေဘေး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၃၀ သုံးစွဲရန်လျာထားပြီး ယခုလှူဒါန်းသည့် စေတနာရှင်၊ အလှူရှင်များ၏ အလှူငွေများဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ဆိုသည်မှာ ဖြစ်ပွားပြီးပါက အမြန်ဆုံးပြန်လည်ထူထောင်မှုပြုရန် လိုအပ်မည်ဖြစ်ကြောင်း၊

မိမိအပါအဝင် နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများအနေဖြင့် သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်မှုများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခင်နှစ်က ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း တိုက်ခတ်ပြီးချိန်တွင် မိမိအနေဖြင့် ရခိုင်ပြည်နယ်နှင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့သို့သွားရောက်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ ပုထိုးများသည် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သဖြင့် စနစ်တကျ ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့သဖြင့် ယခုမိုးသည်းထန်စွာရွာသွန်းခဲ့ချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှုနည်းခဲ့ရခြင်း ဖြစ်ကြောင်း။

ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံရှိ မြစ်ချောင်းများတွင် ကြမ်းခင်း (Bed Level) များမှာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပြီး သဲနုန်းများအနည်ချမှုများပြားလာခြင်းကြောင့် ဖြစ်ကြောင်း၊ အချို့နေရာများတွင် တရားမဝင် သစ်ထုတ်လုပ်မှုများ ရှိခြင်းနှင့် သစ်လုပ်ငန်းများမှ ထုတ်လုပ်သည့် သစ်များကို အချိန်မီ သယ်ယူနိုင်ခြင်းမရှိခြင်းတို့ကြောင့် ရုတ်တရက်မိုးအဆက်မပြတ်ရွာသွန်းပြီး ရေများကျဆင်းလာချိန်၌ ပျက်စီးမှုများကို ပိုမိုများပြားစေခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများကြောင့်စိုက်ပျိုးဧကခုနစ်သိန်းခန့်ပျက်စီးခဲ့ပြီး ပြန်လည်စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အချို့လယ်ယာများမှာ ပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် ပြုပြင်မှုများ များစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရန် အဆင်မပြေတော့သည့် စိုက်ဧကများ၌ နှမ်းသီးနှံများကို စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍လည်း ရေဘေးသင့်ဒေသများရှိ ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသားများအားလုံး အတန်းနှင့်လျော်ညီသည့် စာတတ်မြောက်ရေး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ကျောင်းများနှင့် ပတ်သက်၍လည်း ကူညီဆောင်ရွက်လိုပါက ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို နိုင်ငံတော်အစိုးရက အမြန်ဆုံး ပြင်ဆင်တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည့် စာအုပ်များနှင့် စာရေး ကိရိယာများကိုလည်း အလှူရှင်များအနေဖြင့် လှူဒါန်းနိုင်ကြောင်း။

❖ နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၃၀ သုံးစွဲရန်လျာထားပြီး ယခုလှူဒါန်းသည့် စေတနာရှင်၊ အလှူရှင်များ၏ အလှူငွေများဖြင့်လည်း ဆောင်ရွက်သွားမည်

❖ သဘာဝဘေးဒဏ်ဆိုသည်မှာ ဖြစ်ပွားပြီးပါက အမြန်ဆုံးပြန်လည်ထူထောင်မှုပြုရန်လိုအပ်မည်

❖ မိမိအပါအဝင် နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများအနေဖြင့် သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှုများကို ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ ၅ သို့ »»

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

»» စာမျက်နှာ ၄ မှ

ယခုဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်မှုမရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်ရန်အတွက် ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ နေထိုင်မှုများ စည်းကမ်းတကျရှိပါက ထိခိုက်ပျက်စီးမှုများနည်းနိုင်မည်ဖြစ်ပြီး အမှိုက်များကိုစည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် ရေစီးရေလာများကို ထိခိုက်စေနိုင်ကြောင်း၊ ထိုမှတစ်ဆင့် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေနိုင်သဖြင့် နေထိုင်မှုများ စည်းကမ်းတကျရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင် စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများလှူဒါန်းမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားရာတွင် "စုပေါင်းအားနဲ့ ကျွန်တော်တို့ ကျော်လွှားရမှာဖြစ်ပါတယ်၊ ဒီနေ့ ခင်ဗျားတို့လှူတဲ့ ပိုက်ဆံက ၃၁ ဘီလီယံကျော်ဟာ နည်းတဲ့ပိုက်ဆံမဟုတ်ပါဘူး၊ ကျွန်တော် တော်တော်ကြီးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့လည်း ငွေသုံးရတာနဲ့ပတ်သက်လို့ရှိရင် သုံးချင်တိုင်းသုံးလို့လည်း မရပါဘူး၊ သုံးချင်သလိုသုံးလို့ရှိရင် ဘတ်ဂျက်မှာလည်းသွားပြီးတော့ အများကြီးစကားပြောပါတယ်၊ ဒါကြောင့် ဒီနေ့လှူဒါန်းတဲ့ဟာက နိုင်ငံရဲ့ဝန်တစ်ခုကို တစ်စိတ်တစ်ပိုင်းတာဝန် ယူပေးလိုက်တာလည်း ဖြစ်ပါတယ်၊ ကျွန်တော်မှတ်ထားပါမယ်၊ ဒီဟာနဲ့ပတ်သက်ပြီးတော့ မှတ်ထားပါမယ်၊ ကျွန်တော်တကယ်မျှော်လင့်တုန်းက သုံး၊ လေးဘီလီယံလောက်ပဲ မျှော်လင့်ပါတယ်၊ ထပ်လောင်းပြောရလို့ရှိရင် သဒ္ဓါတရား ထက်သန်စွာနဲ့ ဒီနေ့ငွေတွေလာလှူပေးကြတဲ့ အလှူရှင်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးကို ထပ်လောင်းပြီးတော့ ကျေးဇူးတင်ကြောင်း ထပ်လောင်းပြီး ပြောပါရစေ၊ နောင်မှာလည်း တိုင်းပြည်ရဲ့ လိုအပ်ချက်တွေရှိလာတဲ့အခါမှာလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့အတွက်လည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်၊ ကျွန်တော်တို့အနေနဲ့ ရေ့လုပ်ငန်းစဉ် (၅)ရပ်အတိုင်းပဲ ဖြစ်အောင်သွားပါမယ်၊ကျွန်တော်တို့ တကယ်တမ်းပြောရလို့ရှိရင်တော့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်က ပြီးခဲ့တဲ့ ပို နှစ်နှစ်ကတည်းက ပြီးရမှာပါ၊ အကြောင်းအမျိုးမျိုးကြောင့် မပြီးဘူးဖြစ်သွားပြီးတော့ ဒီဘက်အထိ ရှည်လာတယ်၊ အဲဒီတော့ ကျွန်တော်တို့ အတတ်နိုင်ဆုံး ရှေ့လုပ်ငန်းစဉ်(၅)ရပ် ပြီးအောင် အကောင်အထည် ဖော်ချင်ပါတယ်၊ ဒီအတွက်လည်း ဝိုင်းဝန်းကူညီပေးကြဖို့လည်း ပြောလိုပါတယ်၊ လာမယ့် အောက်တိုဘာလ တစ်ရက်နေ့မှာ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အစီအစဉ် ရှိပါတယ်၊ ဒီမှာလည်း အောင်မြင်အောင်လည်း ဝိုင်းကူညီပေးကြဖို့နဲ့ အဲဒီက နောက်ဆက်တွဲက ကျွန်တော်တို့က ဒီအပေါ်မှာ အခြေခံပြီးတော့ မဲစာရင်းတွေပြုစုပြီးလို့ရှိရင် ရွေးကောက်ပွဲတွေ ကျွန်တော်တို့လုပ်ပြီးတော့ နိုင်ငံတော်ကို ပြည်သူရွေးချယ်တဲ့ လမ်းကြောင်းအတိုင်း သွားကြဖို့ပဲ ဖြစ်ပါတယ်၊ ဒီမှာလည်းဝိုင်းဝန်း ပါဝင်ပေးကြဖို့လည်း တိုက်တွန်းပြောကြားရင်းနဲ့နိဂုံးချုပ်ပါတယ်" ဟု ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့်ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စုစုပေါင်းအလှူငွေ ငွေကျပ်သန်းပေါင်း ၃၂၂၃၀ (ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံ)ကျော်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှပဒါး ကျေးရွာအုပ်စု နတ်ရဲကွင်းကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မူကြိုကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေး အဖွဲ့က ဒေသခံပြည်သူ ၁၄၂ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက် ရပ်ကွက် ပင်မမော်တော်ယာဉ်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေး အဖွဲ့က သံဃာတော် ၁၃၁ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း







နေပြည်တော် စက်တင်ဘာ ၂၁

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများ ကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ပင်းနစ်ဇီးယား | ၂ | - | ၀ | ဂျီနိုအာ |
| ဂျူဗင်တပ် | ၀ | - | ၀ | နာပိုလီ |
| လက်ချီ | ၂ | - | ၂ | ပါးမား |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ပယ်လာဒိုးလစ် | ၀ | - | ၀ | ဆိုစီဒက် |
| အိုဆာဆူနာ | ၂ | - | ၁ | လာ့ပါးလ်မက်စ် |
| ဗလင်စီယာ | ၂ | - | ၀ | ဂျီရိုနာ |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဟိုင်ဒင်ဟိမ်း | ၀ | - | ၃ | ဖရိုင်းဘာတ် |
| ဗီဒါဘရီမင် | ၀ | - | ၅ | ဘိုင်ယန်မြူးနစ် |
| ယူနီယံဘာလင် | ၂ | - | ၁ | ဟော့ဖန်ဟိမ်း |
| ဘိုချမ် | ၂ | - | ၂ | ဟော်စတိုင်း |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတက္ကသိုလ်တွင် စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်နေမှု အနုပညာအထက်တန်းကျောင်း(မန္တလေး)တွင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ စခန်းသွင်းလေ့ကျင့်နေမှုတို့အား လိုက်လံကြည့်ရှုအားပေး

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလေးတက္ကသိုလ်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် အနုပညာအထက်တန်းကျောင်း(မန္တလေး)တွင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များစခန်းသွင်း လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်ဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများဆယ်ယူရှင်းလင်းနေမှုများကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား တက္ကသိုလ်အင်္ဂါရပ်နှင့် အညီဖြစ်စေရေး၊ ဥပမိရုပ်များကောင်းမွန်ရေးနှင့် အစဉ်အမြဲသန့်ရှင်းသပ်ရပ်လှပရေးတို့ကို အလေးထားဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ အနုပညာအထက်တန်းကျောင်း(မန္တလေး)သို့ ရောက်ရှိပြီး(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်သို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ ပြိုင်ပွဲဝင်ဘာသာရပ်အလိုက် လေ့ကျင့်နေမှုများကို လိုက်လံ ကြည့်ရှုအားပေးပြီး စခန်းသွင်း လေ့ကျင့်နေစဉ်ကာလအတွင်း ကျန်းမာရေးအထူးဂရုစိုက်ရန်တို့ကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်၊ အုပ်ထိန်းသူများနှင့် နည်းပြများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ။

**(မန္တလေးနေ့စဉ်)**















# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမတွင် ရေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် အလှူငွေများ ထောက်ပံ့လှူဒါန်းပေးအပ်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး စက်တင်ဘာ ၂၁**

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏ အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန် ဒုတိယအကြိမ် အလှူငွေများ ထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖအလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရေကြီးရေလျှံဖြစ်ပေါ်ပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးဒုက္ခ ကြုံတွေ့ကြရသူများကို ကူညီကယ်ဆယ်ရန် စိတ်အားထက်သန်ကြသူများ၊ သဒ္ဓါတရားကြီးမားသူများဖြစ်ကြပြီး ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ စေတနာရှင် အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များမှ တတ်အားသရွေ့ တက်ကြွစွာ ပါဝင်လှူဒါန်းကြသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ လှူဒါန်းလိုက်သည့် အလှူငွေများနှင့် ပစ္စည်းများကို ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများထံ စနစ်တကျမျှတစွာ ထောက်ပံ့လှူဒါန်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ငင်းနောက် အလှူငွေများ ထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက အလှူရှင်များလှူဒါန်းသည့် အလှူငွေများကို လက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းသည့်အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ စေတနာရှင် အလှူရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက လှူဒါန်းငွေစုစုပေါင်း ၇၁၆,၆၃၁,၀၀၀ကျပ်နှင့် Great Wall Tomorrow. Hi Tech Agriculture Co.,Ltd က စိုက်ပျိုးစပါးစိုက်ဧက ၁,၀၀၀ ဧကအတွက် အထွက်တိုးအရည်အသွေးမြင့် မျိုးစပါးအိတ် ၁,၀၀၀ တင်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)












သတင်း စာမျက်နှာ ၈


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ရေဘေးသင့်ပြည်သူများအတွက်
အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနား
၂၀-၉-၂၀၂၄
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ရေဘေးသင့်ပြည်သူများအတွက်
အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနား
၂၀-၉-၂၀၂၄
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ရေဘေးသင့်ပြည်သူများအတွက်
အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနား
၂၀-၉-၂၀၂၄
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ရေဘေးသင့်ပြည်သူများအတွက်
အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနား
၂၀-၉-၂၀၂၄
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ရေဘေးသင့်ပြည်သူများအတွက်
အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနား
၂၀-၉-၂၀၂၄
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ရေဘေးသင့်ပြည်သူများအတွက်
အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနား
၂၀-၉-၂၀၂၄
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ရေဘေးသင့်ပြည်သူများအတွက်
အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနား
၂၀-၉-၂၀၂၄
မန္တလေးမြို့


မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
ရေဘေးသင့်ပြည်သူများအတွက်
အလှူငွေထောက်ပံ့လှူဒါန်းပေးအပ်ပွဲ အခမ်းအနား
၂၀-၉-၂၀၂၄
မန္တလေးမြို့

သတင်း စာမျက်နှာ ၈



















သတင်း စာမျက်နှာ ၇







# အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၁**

အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်ကြမည့် လူငယ်များအနေနဲ့ ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်းပြည့်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ လူမှုပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု၊ အတွေးအခေါ်မှန်ကန်ရေး၊ နှုတ်မှုစွမ်းရည်တိုးတက်စေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သောနိုင်ငံ့သားကောင်းလူငယ်လူရွယ်များ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

လူငယ်စကားဝိုင်း၌ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်ကာ Grade-10 ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်ဝေလင်းဦး၊ မောင်ဆက်နိုင်ဝင်း၊ မသီရိထက်ဇော်၊ မထက်ရွှေစင်ထွန်း၊ မမြတ်ပွင့်သဇင်နှင့် မစန္ဒာစိုးတို့က လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ မိန်းကလေးများနှင့် အမျိုးသမီးငယ်များအခန်းကဏ္ဍ၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် အားကစားစသည့်ကဏ္ဍများကိုဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ကျောင်းသူများက ပြန်လည်ဆွေးနွေးမေးခွန်းများ မေးမြန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(မန္တလေးနေ့စဉ်-၄)

# နိုင်ငံတစ်ဝန်းရေကြီး၊ ရေလျှံမှုများကြောင့် သီးနှံစုံစိုက်ပျိုးကော ခြောက်သိန်းခွဲကျော် ပြန်လည်စိုက်ပျိုးရမည်

**မန္တလေး စက်တင်ဘာ ၂၁**

နိုင်ငံတစ်ဝန်း ရေကြီး၊ရေလျှံမှုများကြောင့် သီးနှံစုံစိုက်ပျိုးဧက ခြောက်သိန်းခွဲကျော် ရေဝင်နစ်မြုပ်ခဲ့ပြီး ၄င်းထဲမှ လုံးဝပျက်စီးသွားသည့် စိုက်ခင်းများလည်းရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက သိရသည်။

ပျက်စီးသွားသည့် သီးနှံများကို ပြန်လည်စိုက်ပျိုးရာမှာ စနစ်တကျ ရာသီအလိုက် ပြန်လည်စိုက်ပျိုးရန် လိုအပ်ကြောင်း ၄င်းပျက်စီးစိုက်ဧကများအနက် စပါးစိုက်ခင်း ရေနစ်မြုပ်မှုများအတွက် မြန်မာ့အာမခံလုပ်ငန်းမှ သီးနှံအာမခံအတွက် ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှာ လျော်ကြေးငွေကျပ် ၁၂ ဒသမ ၂၆၅ ဘီလီယံပေးလျော်သွားမှာ ဖြစ်သည်။

ရေဘေးသင့် စိုက်ပျိုးတောင်သူများကို ချေးငွေနှင့် ထောက်ပံ့ငွေများ ပေးအပ်သွားရန်ရှိပြီး လက်ရှိအချိန်တွင် မြို့နယ်အလိုက်၊ ကျေးရွာအလိုက်၊ ဆုံးရှုံးစိုက်ဧကများ စာရင်းပြုစုလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း မိတ္ထီလာခရိုင်မှာ သီးနှံစိုက်ဧက ၃၅၀၀၀ ကျော်၊ ရမည်းသင်းခရိုင်မှာ သီးနှံစိုက်ဧက ၅၆၀၀၀ ကျော်၊ ကျောက်ဆည်ခရိုင်မှာ ဧက ၁၁၀၀၀၀ ကျော်၊ ရေကြီးနစ်မြုပ်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်၊သျှင်ငပြေး ကျေးရွာတွင် ၄က်ပျောနှင့် ကြက်သွန်စိုက်ပျိုးသည့် တောင်သူအများစု စိုက်ဧကများ လုံးဝပျက်စီးခဲ့ကြောင်း ကြက်သွန်တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းခန့် ကုန်ကျထားပြီး စိုက်ပျိုးသည့် ငါးဧကလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း တောင်သူ ဦးစိုးသိန်းက ပြောသည်။

"ကြက်သွန်က နှစ်လကျော်သက်တမ်းရှိနေပါပြီ။ တစ်ဧကကို ခြောက်သိန်းနှုန်းလောက်ကုန်ကျထားတာပါ။ လုံးဝကို ပြန်စိုက်လို့မရတော့ အခြေအနေဖြစ်လို့ လက်ရှိရေကျတာနှင့် ထယ်ကြောင်းထိုးပြီး V2 ကုလားပဲကို စိုက်ပျိုးဖို့ ပြင်ဆင်ထားပါတယ်"ဟု ၄င်းက ပြောသည်။

လက်ရှိ စိုက်ပျိုးရာသီအရ မိုးရာသီနှင့် ဆောင်းရာသီကြားကာလဖြစ်တာကြောင့် အချို့ကြက်သွန်စိုက်ပျိုးမှုမှာ ပြန်လည်စိုက်ပျိုးရန် အချိန်မမီတော့သဖြင့် သက်တမ်းတိုသည့် ကုလားပဲမျိုး၊ မြေပဲမျိုး၊ ပြောင်းလဲစိုက်ပျိုးရန် ရေဘေးသင့် တောင်သူများအနေဖြင့် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) ရွှေမန်း

# မိုးသည်းထန်စွာရွာသွန်းပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိ

**ပျော်ဘွယ် စက်တင်ဘာ ၂၁**

ပျော်ဘွယ်မြို့နယ်တွင် စက်တင်ဘာလဒုတိယပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများရှိ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအချို့ ရုံးများသို့ ရေဝင်ရောက်ခြင်း၊ လမ်းမများပေါ်၌ သစ်ပင်များလဲပြိုခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။



ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များကဦးဆောင်၍ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့်ပတ်သက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးက "ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေအနေနဲ့ မိုးရွာသွန်းမှုရပ်တန့်ခဲ့တဲ့နေ့ကစပြီး ရေနစ်မြုပ်ခဲ့တဲ့ သာသနိကအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောက်ရွက်ပေးလျက်ရှိပါတယ်"ဟု ရှင်းပြသည်။

မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မိုးသည်းထန်စွာ ရွာသွန်းနေသည့်အချိန်တွင်လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသလို ပြန်လည်ထူထောင်ရေးကာလတွင်လည်း ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဓါတ်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)



# ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**တာချီလိတ် စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းသို့ တောင်တရုတ်ပင်လယ်မှ ဝင်ရောက်လာမည့် မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့ ညနေပိုင်းက အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး နှိုးဆော်ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ခရိုင်နှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တောင်တရုတ်ပင်လယ်မှ ဝင်ရောက်လာမည့် မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ရေကြီးရေလျှံခြင်း၊မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း ဖြစ်ပေါ်လာနိုင်၍ တောင်ပေါ်၊ တောင်စောင်းမြေပြိုရန် အန္တရာယ်ရှိသည့်နေရာများ ချောင်းကမ်းဘေး၊ မြစ်ကမ်းဘေးတွင် နေထိုင်သူများလက်ရှိနေရာများမှ အမြန်ဆုံးပြောင်းရွှေ့နိုင်ရေး၊ ပြောင်းရွှေ့မည့်သူများအနေဖြင့် ဆန်ရိက္ခာ၊ ဆေးဝါး၊ ရေနှင့် လိုအပ်သည်များ နှစ်ပတ်စာစီစဉ်ယူဆောင်ကြရန်၊ပြည်သူများအနေဖြင့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များကြုံတွေ့ပါက အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းနှင့် မိုးလုံလေလုံအားကစားခန်းမတို့တွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပါကြောင်း တို့အား အသိပေးနှိုးဆော် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

# အခြေခံပညာကျောင်းများနှင့် ကျေးလက်ကျန်းမာရေးဆေးခန်းများတွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်

**စဉ့်ကိုင် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ် အတွင်း၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေ၊ မြစ်ရေများလျှံတက်ကာ ရပ်ကွက်ကျေးရွာအချို့နှင့် အခြေခံပညာကျောင်းများတွင် ရေများဝင်ရောက်ခဲ့ပြီး ယခုအခါရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ယမန်နေ့ နံနက် ၇ နာရီခွဲက အခြေခံပညာကျောင်းများနှင့် ကျေးလက်ကျန်းမာရေးဌာနတို့တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ထို့သို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးပြည့်ဖြိုးအောင်က အနီးကပ်ကြီးကြပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ဆရာ၊ဆရာမများနှင့် ကျောင်းသားမိဘများ၊ရပ်ကွက်၊ကျေးရွာနေပြည်သူများ စုစုပေါင်း အင်အား ၁၂၀ဦးတို့က မှုလွန်(အင်းလျား)၊အ•မ•က(ဆယ့်နှစ် ကိုင်း)၊ အ•လ•က(ခွဲမြောက်ကိုင်း)၊ အ•မ•က(တက်မျှော)၊အ•မ•က(ပတ္တာ)၊အ•မ•က(သပြေပင်)နှင့် ဒေါင်းကျကျေးလက်ကျန်းမာရေးဌာနတို့ရှိ စာသင်ခန်းများနှင့် ဆေးပေးခန်းများ အတွင်း၌ ကျန်ရစ်ခဲ့သော ရွံ့နွံများ၊ အမှိုက်များအား ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ကျော်စွာ(စဉ့်ကိုင်)



## မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ကွယ်လွန်သူ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ)အတွက် နာရေးထောက်ပံ့ငွေ ပေးအပ်



**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း မှဥက္ကဋ္ဌ ဦးသောင်းနိုင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးစိုးလှ၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်ခင်ဝင်းတို့က စက်တင်ဘာ ၁၆ ရက်တွင် ကွယ်လွန်သွားသည့် မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်း စာရင်းစစ် ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ) အသက်(၇၆)နှစ် အတွက် နာရေးထောက်ပံ့ငွေကျပ် တစ်သိန်းကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၇(C)လမ်းနှင့် ၃၃လမ်းကြား ရှိ နေအိမ်သို့ သွားရောက်ပေးအပ်ခဲ့သည်။

နာရေးထောက်ပံ့ငွေကျပ် တစ်သိန်းကို ဆရာဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ)၏ ညီ ဦးမင်းဟန်(သတင်းထောက်)မိသားစုက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၅၀)



## မိုးနှမ်းများ အထွက်နှုန်းနည်း၊ အရည်အသွေး လျော့ကျမှုများကြောင့် ဈေးအနည်းငယ် ကျဆင်းလာ

မိုးရာသီစိုက် မိုးနှမ်းများ ထွက်ရှိလာချိန် မိုးရွာသွန်းမှုများကြောင့် အထွက်နှုန်းနည်း၊ အရည်အသွေးလျော့ကျမှုများကြောင့် ဈေးကွက်အတွင်း မိုးနှမ်းဈေးများ အနည်းငယ်ကျဆင်းလာကြောင်း နှမ်းကုန်သည်များထံက သိရသည်။ ဇွန်လဆန်းပိုင်းက စတင်စိုက်ပျိုးသည့်မိုးနှမ်းအများစုမှာ ရိတ်သိမ်းကာနီး မိုးရွာသွန်းမှုများကြောင့် အထွက်နှုန်းကျဆင်းခဲ့ကြောင်း၊ မိုးနှမ်းရိတ်သိမ်းမှု အပြီးကောင်းမွန်စွာ နေလှန်းချိန်ကောင်းကောင်းမရရှိသည့် နှမ်းစိုက် ဒေသအချို့မှ မိုးနှမ်းများ အက်စစ်လွတ်မှု နည်းပါးသောကြောင့် မိုးနှမ်းဈေးများ အနည်းငယ်ကျဆင်းခြင်းဖြစ်ကြောင်း၊ ဒေသအစုံမှ မိုးနှမ်းများဝင်ရောက်မှုများကြောင့်လည်း နှမ်းမျိုးစုံဈေးကွက် အနည်းငယ်ကျဆင်းလာခြင်းဖြစ်ကြောင်း နှမ်းကုန်သည် ဦးချစ်ဝင်းက ပြောသည်။

"ဒီနှစ် နှမ်းပေါ်ကာနီး မိုးမိတာတွေရှိတော့ အထွက်နှုန်းလည်းကျ အရည်အသွေးလည်း လျော့တော့ နှမ်းဈေး ကျဆင်းလာတာပါ။ အစောပိုင်းရိတ်သိမ်းနိုင်တဲ့တောင်သူတွေကတော့ ဈေးကောင်း မီလိုက်ကြပါတယ်။ နောက်ပိုင်းရိတ်သိမ်းတဲ့ တောင်သူတွေက မိုးမလွတ်တော့ဈေးကောင်းမရကြတာပါ"ဟု ၄င်း က ပြောသည်။ မိုးနှမ်း စပေါ်ထွက်ရှိချိန် ဩဂုတ်လအတွင်း နှမ်းမျိုးစုံဈေးကောင်းရရှိရာ နှမ်းနက်(စမုံ) တစ်တင်းလျှင် ငွေကျပ် ၂၁၀၀၀၀ ကျော်၊ နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀၀ ကျော် ပေါက်ဈေးရှိသော်လည်း စက်တင်ဘာလဆန်းပိုင်း ဈေးအနည်းငယ် ကျဆင်းသွားသည်။

စက်တင်ဘာ ၂၀ ရက်တွင် မန္တလေးဈေးကွက်၌ နှမ်း(စမုံ) အက်စစ်မလွတ် ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀၀-၅၈၀၀၀၀၊ အက်စစ်လွတ် ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၀-၆၃၀၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးရှိသည်။

ယခုနှစ် နွေရာသီစိုက်ပျိုးချိန်တွင် နွေနှမ်းသီးနှံအတွက် အဆင်ပြေသော်လည်း မိုးရာသီစိုက် မိုးနှမ်းရာသီတွင် ရိတ်သိမ်းချိန်မိုးရွာသွန်းမှု ကောင်းခဲ့ခြင်းကြောင့်အထွက်နှုန်းနှင့်အရည်အသွေးပိုင်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)ရွှေမန်း

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခါးခွေဟွေကျေးရွာနှင့် မိုင်းလွေ(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အပေါ်ယာပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ခါးခွေဟွေကျေးရွာနှင့် မိုင်းလွေ(အထက်)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ထားခြင်းရှိ၊ မရှိ လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ အရင်းအတိုးများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း မိသားစုတစ်စိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ခါးခွေဟွေကျေးရွာနှင့် မိုင်းလွေ(အထက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယခုဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး



လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် သိန်း ၁၂၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ခြောက်ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၁၂၀ ထုတ်ချေးထားကြောင်း မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

**အောင်ရဲကျော်**

*—*—*—*—*

ဥတုရာသီ တောကို မှီ၏။

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## ပဲစင်းငုံသီးထပ်သီးညှပ်များ သတ်မှတ်လျာထားချက်ထက် တိုးချဲ့စိုက်ပျိုး

**နတ်မောက် စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများသည် ပဲစင်းငုံ သီးထပ်သီးညှပ်များ သတ်မှတ်လျာထားချက်ထက် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူထံက သိရသည်။

နတ်မောက်မြို့နယ်တွင် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံအများဆုံး စိုက်ပျိုးပြီး ပဲမျိုးစုံစိုက်ဧကနှင့် အထွက်နှုန်းတိုးတက်ရေး ဒေသခံတောင်သူများက မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်နှင့် ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ကျဝန်ထမ်းများဖြင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပဲမျိုးစုံအနက်မှ ပဲစင်းငုံသီးညှပ်သီးသန့်အနေဖြင့် လျာထားဧက ၃၇၅၅၂ ဖြစ်ပြီး ယခုလက်ရှိ စိုက်ပျိုးပြီး ဧကမှာ ၃၈၃၉၃ရှိ၍ သတ်မှတ်ဧကထက် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

"ကျွန်မတို့ မြို့နယ်အနေနဲ့ ယခုလို ပဲစင်းငုံသီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးရခြင်း ရည်ရွယ်ချက်ကတော့ ပဲစင်းငုံသီးနှံသည် ကုန်ကျစရိတ်အနည်းငယ်သာ အသုံးပြုရပြီး ဈေးကွက်ကောင်းရရှိပါက ဒေသနှင့်ကိုက်ညီ၍ တစ်ဧက အကျိုးအမြတ်အများဆုံးရရှိနိုင်သည့် သီးနှံတစ်မျိုးဖြစ်သည့်အတွက် တောင်သူများအနေဖြင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးကြခြင်းဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိက ပြောသည်။

(ဝဲပုံ) မူမူစန်း

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ ဏ္ဍာ ရာဇ် များ (၈၈)

## သွယ်အောင်

ပိုင်စိုးဝေ အင်တာဗျူး ဆောင်းပါး အဆုံးသတ်တွင် ကျွန်တော် မေးမြန်းခဲ့သောမေးခွန်းနှင့်အတူ ဆရာ ပိုင်စိုးဝေ ဖြေကြားပေးခဲ့သောအဖြေကို ကျွန်တော် ပြန်ဖတ်ကြည့်မိသည်။

**မေး ➢** ကဗျာကတော့ကော ဆရာ၊ ဘယ်ခေတ်ကို ရောက်နေပြီလဲ။

**ဖြေ ➢** ကဗျာကတော့ … ဟုတ်လား၊ ဟုတ်ပေ့ဗျာ၊ ဝတ္ထုတုန်းကမှ သူများရွှေခေတ်ပြောသွားတာ လက်ခံ၊ မခံဘဲ မေးတာ။ ကဗျာကျတော့ ကျွန်တော်ကပဲ သတ်မှတ်ပေးတော့မယ်ပေါ့။ ဘယ်ခေတ်ကို ရောက်နေပြီလဲ …ဟုတ်လား။

ကျွန်တော့်အယူအဆကိုမပြောခင် ပတ်ဝန်းကျင်အနေအထားကို ပြောရဦးမယ်။ ဝတ္ထုတို ရွှေခေတ်လို့ သူများအော်တာနဲ့ တချို့ကဗျာဆရာတွေက ကဗျာခေတ်၊ ရွှေခေတ်လို့ ထအော်ချင်ကြသေးတယ်။ ဟိုလူဗျ … ကျွန်တော့်မိတ်ဆွေပါပဲ။ ကိုငြိမ်း၊ ကဗျာ ရွှေခေတ်ရောက်ရမယ်ဆိုလား၊ ရောက်ပြီဆိုလား။ သူ့ကဗျာတစ်ပုဒ်ကို ဖတ်လိုက်ရသေးတယ်။ ဖြစ်ပေါ်တိုးတက်မှုတစ်ခုကို တိုင်းတာတဲ့နေရာမှာ တကယ်တမ်း ကိုယ်ပိုင်အရည်အချင်းနဲ့ မတိုင်းတာဘဲ၊ မလိုအပ်ဘဲ အခြားအရာတွေနဲ့ တိုင်းတာနေတတ်ကြတယ်။ ဝတ္ထုတိုဟာ ဝတ္ထုတိုပါပဲ။ ကဗျာဟာ ကဗျာပါပဲ။ အရည်အသွေးချင်းမတူညီတဲ့ အရာဝတ္ထုနှစ်ခုကို ဘယ်တော့မှ နှိုင်းယှဉ်ဝေဖန်လို့ မရနိုင်ဘူး။

ဝတ္ထုတိုဟာ သူ့ဟာသူ ရွှေခေတ်ရောက်ရောက်၊ စိန်ခေတ်ရောက်ရောက် ဖြစ်ပေါ်တိုးတက်မှုသမိုင်းကြောင်းချင်း မတူညီတဲ့ ကိုယ့်ကဗျာနဲ့လာပြီး ဘာဖြစ်လို့ အနှိုင်းခံရမှာလဲ။ ရွှေခေတ်တို့ ငွေခေတ်တို့ဆိုတာ တင်စားမှုတွေမို့ ကျွန်တော်ပြောချင်တဲ့ အဓိပ္ပာယ်ပေါ်လွင်အောင် အဲဒါတွေကို ဘေးဖယ်ထားပြီး ပြောရရင် ကဗျာဟာ ဒုတိယအဆင့်ကို ရောက်ခါစပဲ ရှိသေးတယ်။

လူတစ်ယောက်ရဲ့သက်တမ်းနဲ့ နှိုင်းယှဉ်ပြောရရင်တော့ လမ်းလျှောက်နိုင်ဖို့ ကြိုးစားရခြင်းတွေ အပါအဝင် ကလေးဘဝကုန်ဆုံးပြီး လူပျို ဖြစ်စ သက်တမ်းကာလပဲပေါ့။ ကဗျာရဲ့ ဒုတိယခေတ်ပဲပေါ့။

'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ' တို့၊ 'သိုးကလေး'တို့ စတဲ့ ကဗျာတွေကနေ ခေတ်စမ်းခေတ်၊ တာရာခေတ်တွေဟာ ကဗျာရဲ့ ပထမခေတ်ဦး ကာလရှည်ကြီးပဲပေါ့။ အဲဒီ ပထမခေတ်ဦး ကာလရှည်ကြီးထဲမှာ အဆင့်ဆင့် တိုးတက်ဖြစ်ပေါ်မှုတွေ ပုံသဏ္ဌာန်ပြောင်းလဲမှု




တွေ ရှိခဲ့သပေါ့။ ဒါပေမယ့် အဆင့်တစ်ဆင့်အထိ ကြီးမားတိုးတက်မှုတော့ မဖြစ်ခဲ့ပါဘူး။ လေးလုံးစပ်ကနေ လင်္ကာဖြစ်လာရတာ၊ ရတုဖြစ်လာရတာတွေ၊ ဒွေးချိုးတို့၊ လေးချိုးတို့၊ တေးထပ်တို့ စသည် စသည် ပြောင်းလဲဖြစ်ထွန်းနေပေမယ့် အသွင်သဏ္ဌာန်မတူတဲ့ ကဗျာခေတ်ကြီး တစ်ခေတ်အဖြစ် တိုးတက်ပြောင်းလဲမှု မရှိခဲ့သေးပါဘူး။

ကဗျာစပ်နည်းလေး တစ်နည်း ရှာဖွေတွေ့ရှိတာဟာ ကဗျာခေတ်ကြီးတစ်ခေတ် ပြောင်းလဲသွားတာမဟုတ်ဘူး။ ပထမခေတ်ဦးပိုင်းမှာ ပါဝင်ခဲ့တဲ့ ကဗျာဆရာကြီးတွေဟာ ရှေးရိုးပုံစံကို လုံးဝစွန့်လွှတ်ဖို့ စိတ်မကူးရဲတဲ့အပြင် ကဗျာဆရာတွေရဲ့ စိတ်ခံစားမှုအခြေအနေဟာလည်း ရှေးဟောင်းအစဉ်အလာ အငွေ့အသက်ကို စွန့်လွှတ်ဖို့ ဝန်လေးနေကြတယ်ဆိုတာ ထင်ရှားပါတယ်။

အခုတော့ မြန်မာကဗျာဟာ ပထမအရွယ်ကို ဖြတ်သန်းပြီ လူပျို၊ အပျို ဖြစ်ခဲ့ပါပြီ။ ဒီနေရာမှာ ရှုပ်ထွေးမှု အနည်းငယ်တော့ ရှိနိုင်တယ်။

ဒီအချိန်ဟာ ကဗျာဒုတိယခေတ်လို့ ဆိုပေမယ့် ပထမခေတ်က ပုံသဏ္ဌာန်တွေ၊ အငွေ့အသက်တွေ အများကြီးကျန်ရှိနေနိုင်သေးတယ်။ ထို့အတူပဲ ပထမခေတ်နှောင်းပိုင်း ကဗျာတချို့၊ ကဗျာဆရာတချို့ဟာလည်း ဒုတိယခေတ်ထဲမှာ ရောထွေးပါလာနိုင်တယ်။ ဆိုလိုတာက မျက်မှောက်ခေတ်ကာလ ဒုတိယခေတ်ထဲမှာ ကဗျာတချို့၊ ကဗျာဆရာတချို့ဟာ ပထမခေတ်ဟောင်းအသွင်ကို ဆောင်နေပြီး ပထမခေတ်နှောင်းပိုင်းရဲ့ ကဗျာတချို့၊ ကဗျာဆရာတချို့ဟာလည်း ဒီဘက်ခေတ် ပုံသဏ္ဌာန်ဆောင်နေတာကို အနာဂတ်မှာ ရောထွေးနေနိုင်တာပေါ့။

ဒါမဆန်းပါဘူး …။

ကဗျာရဲ့ ဒုတိယခေတ် အခြေခံကာလဟာ လွန်ခဲ့တဲ့ အနှစ်သုံးလေးဆယ်ကစပြီး သန္ဓေတည်ခဲ့သလို နောင် အနှစ် ၅၀၊ အနှစ် ၁၀၀ ထိ ကြာချင်ကြာမယ်။ ဒီထက်ပိုပြီးတော့လည်း ကြာနိုင်တယ်။ ဒီကာလတွေ လွန်မြောက်သွားပြီးမှသာ ပီပြင်တဲ့ ကဗျာရဲ့ ဒုတိယခေတ်စစ်စစ်ကို ရောက်မယ်။ အခုဟာကတော့ သန္ဓေတည်စ ဒုတိယခေတ်ဦးကာလပဲ။

အဲဒီလို ပီပြင်တဲ့ ဒုတိယခေတ်ကို ရောက်တဲ့အချိန်မှာ ဒုတိယခေတ်ဦးကို ပြုစုပျိုးထောင်ခဲ့တဲ့ လူပုဂ္ဂိုလ်တွေရဲ့ အမည်ဟာ အပြည့်အစုံပါချင်မှ ပါတော့မှာပါ။ သူတို့ ပျိုးထောင်ခဲ့တဲ့ အကျိုးတရားကို ခံစားနေရပေမယ့် သူတို့အမည်ကို အတိအကျ သိဖို့ဆိုတာ ဖြစ်ချင်မှ ဖြစ်နိုင်တော့မှာပေါ့။

ဒီနေရာမှာ ပုံသဏ္ဌာန်ရော အကြောင်းအရာပါမက စိတ်ခံစားမှုအခြေအနေတွေပါ သူတို့ကိုယ်တိုင်လည်း ပြောင်းလဲ၊ အခြားပုဂ္ဂိုလ်တွေပါ ပြောင်းလဲတိုးတက်လာအောင်လည်း ဇွဲစိတ်ခိုင်ခိုင်နဲ့ ကြိုးပမ်းခဲ့ကြတဲ့ ကဗျာဆရာအချို့ရဲ့ အမည်တွေကို မှတ်တမ်းတင်ပြလိုပေမဲ့ တစ်ယောက်တလေ ကျန်ရှိခဲ့မှာစိုးတာနဲ့ ကျွန်တော်အဲဒီအလုပ်ကို မလုပ်တော့ပါဘူး။ ဒဂုန်တာရာကိုတော့ ပထမခေတ်နှောင်းပိုင်းနဲ့ ဒုတိယခေတ်ဦးကာလကို ရောထွေးမှားယွင်းပြီး ဖော်ပြချင် ဖော်ပြကြမယ်။

ဘာပဲဖြစ်ဖြစ် ဒီခေတ်ဟာ ကဗျာရဲ့ ဒုတိယခေတ်ဦးကာလပါပဲ။

ဆရာ ပိုင်စိုးဝေသာ ယခုလက်ရှိအချိန်ထိ သက်ရှိထင်ရှားရှိနေသေးရင် ကဗျာနှင့်ပတ်သက်သည့် မေးခွန်းအချို့ မေးကြည့်ချင်သေးသည်။ 'ကဗျာဟာ ၁၉၉၀ ပြည့်နှစ်ကျော်ကာလ ယခုအချိန် ၂၀၂၄ ခုနှစ်မှာ ဒုတိယခေတ်ဦးကို ကျော်ခဲ့ပြီလား။ ဒုတိယခေတ်ရောက်ခဲ့လို့ တတိယခေတ်ဦးဆီ အစပျိုးနေပြီလား၊ ကဗျာရဲ့ အဆင့်အတန်း အနိမ့်အမြင့်ကို ဘယ်ရေချိန်နဲ့ တိုင်းတာမှာလဲ။ လူငယ်ကဗျာဆရာတွေဟာ ပါးစပ်ကတော့ ခေတ်ပေါ်၊ မော်ဒန် မော်ဒန်နဲ့ အော်နေကြပြီး တကယ်ရော မော်ဒန်ဖြစ်ရဲ့လား၊ ဒီအထဲမှာ ကာရန်နဘေနောက် အသေလိုက်ပြီး ကာရန်မိရင် ပြီးရော အဓိပ္ပာယ်မရှိတဲ့ ကဗျာရေးသူတွေအပေါ် အမြင်တွေကိုလည်း မေးကြည့်ချင်မိတယ်'

ကျွန်တော်ကတော့ လက်ရှိမှာ စာပေနဲ့ အသက်မွေးဝမ်းကျောင်းပြုရပြီး အယ်ဒီတာဘဝကို ဖြတ်သန်းနေရတော့ ပိုင်စိုးဝေအင်တာဗျူးရဲ့ ခံစားမှုနဲ့ ကဗျာလို့ သတ်မှတ်ထားတဲ့စာမူတွေကို ဖတ်ကြည့်ပြီး ရွေးချယ်၊ ရွေးပယ်လုပ်ရတာ စိတ်ထဲမှာ အီလည်လည်ကြီးဖြစ်နေတာ အမှန်ပါ။

ကိုယ့်ကိုယ်ကို ဂန္ထဝင်ကဗျာဆရာကြီးတစ်ယောက် ဂိုက်ဖမ်းပြီး ကဗျာတွေ စက်နဲ့လှိမ့်ထုတ်နေသလို နေ့တိုင်းပေးပို့နေတာမြင်ရတော့လည်း ပြုံးချင် ရယ်ချင်မိသည်။ ကဗျာတွေကို ဖတ်ကြည့်ရတာကလည်း ကဗျာဝါသနာပါတဲ့ လူငယ်လေးတစ်ယောက် ကဗျာရေးသလို ဖြစ်နေသည်။ အဲဒီလူငယ်လေးက သူရေးတဲ့ကဗျာ သူ့ဆရာကို ရွတ်ပြသည်။ သူက သစ်ပင်တစ်ပင်ကိုကြည့်ပြီး ကဗျာကို စရွတ်လိုက်သည်။

'မိုးမြင့်ခက်ဝေ …'

ဒါနဲ့ သူ့ဆရာက ဟုတ်ပါပြီ မင်းကဗျာဆက်ရွတ်ပါဦးလို့ တောင်းဆိုတော့ သူက ကဗျာကို ယခုလို ဆက်ရွတ်ပါသည်။

'မိုးမြင့်ခက်ဝေ
တိုးမြှင့်ကျက်သရေ …'

အမယ် ဘယ်ဆိုးလို့လဲ၊ ကဗျာဆက်ရွတ်စမ်းပါဦးကွာလို့ ဆိုလိုက်တော့ … လူငယ်လေးက … ချက်ချင်း မရွတ်နိုင်တော့ဘဲ အချိန်အတော်ကြာ စဉ်းစားနေတော့သည်။ ပထမရွတ်လိုက်တဲ့ ကဗျာနှစ်ကြောင်းကို ကာရန်ညီဖို့ စကားလုံး ရှာမတွေ့ ဖြစ်နေဟန်တူနေသည်။

နောက်တော့ အဲဒီလူငယ်လေးက သူ့ဆရာကို လှမ်းကြည့်ပြီး ကဗျာကို ရေးဖွဲ့ရွတ်ဆိုလိုက်တော့သည်။

**'မိုးမြင့်ခက်ဝေ …**
**တိုးမြှင့်ကျက်သရေ**
**ဂိုးဝှင့်ဂက်ဗွေ …'** ဟူ၍…။

ကဗျာရေးတာ ကာရန်ပါမှ ကဗျာဖြစ်သည်ဟုယူဆသူများ 'ဂိုးဝှင့်ဂက်ဗွေ' ကဗျာများ မဖြစ်ဖို့ အထူးဂရုစိုက်ပြီး ဂန္ထဝင်ဟန်ကို စည်းကမ်းတကျ ရေးဖွဲ့သည့်ကဗျာများကို ရေးဖွဲ့စေချင်ပါသည်။

ကျွန်တော်ကတော့ 'ကဗျာရေးသည့်အလုပ်သည် လွယ်မလိုနှင့်ခက်၊ တိမ်မရောင်နှင့်နက်သည့်ကိစ္စ' ဖြစ်၍ ကဗျာကို ပြီးစလွယ် မရေးဖွဲ့စေချင်ပါ။

ဂန္ထဝင်ပဲရေးရေး … မော်ဒန်ပဲရေးရေး ကဗျာဓာတ်ပါသည့် ကဗျာများကိုသာ အများကြီး မျှော်လင့်စောင့်စားနေမိပါသည်။



## ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း၌ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အနာဂတ်လူငယ်မျိုးဆက်သစ်များကို အခြေခံပညာအရွယ်ကစ၍ စာဖတ်သည့်အလေ့အထနှင့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ အခြေခံပညာမှ အဆင့်မြင့်ပညာအထိ အတန်းစဉ်အလိုက် ဘက်စုံထူးချွန်ထက်မြက်သည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန်၊ ထိုမှတစ်ဆင့် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ကောင်းကျိုးများစွမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာလူရည်ချွန်များ ထွက်ပေါ်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးမျိုးဝင်းဦးက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က ပညာ၏တန်ဖိုးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။



ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန နည်းစနစ်မှူးက အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးကိုယ်စား ဆရာဦးထွန်းမြင့်အောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

၎င်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်းနှင့် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်ပြဘုတ်များနှင့်သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **(ဝဲပုံ)(ဝ၅၆)**

## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၁**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အမှတ် (၃၀) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ် (၃၀) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက "လူငယ်နှင့်ကိုယ်ကျင့်တရား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ဦးစီးမှူး ဦးတင်မောင်ဝင်းက "လူငယ်နှင့်ခေါင်းဆောင်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးဟောပြောခဲ့ကြသည်။ **(ယာပုံ)**

ဆက်လက်ပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒု-ခရိုင်မှူး ဒေါ်ဖူးဝေသိန်းက အားကစားပစ္စည်းများအား ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။



အဆိုပါ ဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒု-ခရိုင်မှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ချမ်းမြေ့**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ရွာလမ်းမ

- ကိုယ်ထူကိုယ်ထ ၊ ရွာလမ်းမကို
မိဘပြည်သူ ၊ ရွာလူအများ
စုပေါင်းအားနဲ့ ၊ ကြိုးစား၍သာ
ခင်းလိုက်ပါသည် ။
- ဤလမ်းပေါ်တွင် ၊ ရဟန်းရှင်လူ
ပြည်သူအများ ၊ ရွာသူရွာသား
အများသူငါ ၊ သွားလာလှုပ်ရှား
အကျိုးများမည် ။
- ဤလမ်းပေါ်တွင် ၊ တွင်တွင်ဖြတ်သွား
ပြည်သူများလည်း
ပျော်ပါးဝမ်းမြောက်
ခရီးရောက်မည် ။
- သည် တံတားနဲ့ ၊ သည် လမ်းအားကြောင့်
အများသူငါ ၊ စိတ်ချမ်းသာလျှင်
ရပ်ရွာကောင်းကျိုး ၊ သယ်ပိုးရကျိုး
နပ်ပေပြီ ။ ။

မြခြူးအိမ် -ကိုလေး

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး Talk Show ကျင်းပ

**ရေနံချောင်း စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Center) ခန်းမ၌ ကျင်းပသည်။ အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က လူကုန်ကူးခံရမှုဖြစ်ပွားနိုင်သည့် အချက်များ၊ နောက်ဆက်တွဲဆိုးကျိုးများ၊ အထူးသဖြင့် လူကုန်ကူးမှုသည် အမျိုးသမီးများနှင့် ကလေးငယ်များတွင် ဖြစ်ပွားနိုင်သည့်အတွက် ကာကွယ်စောင့်ရှောက်ကူညီပေးခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်ကြရန်နှင့် လူကုန်ကူးခံရသူများ၏ ပြန်လည်ထူထောင်ရေး၊ စိတ်ဓာတ်မြှင့်တင်ရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် အားလုံးပူးပေါင်းဆောင်ရွက်နိုင်ရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၄၇၂)**

## ရေဘေးသင့်ဒေသအတွက် လိုအပ်သည့်ပစ္စည်းအချို့ ထောက်ပံ့ပေးအပ်

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်မှ ရပ်မိ၊ ရပ်ဖများ ဦးဆောင်၍ လတ်တလော ရေဘေးသင့်ဒေသခံတို့အတွက် အဝတ်အစား၊ ဆေးဝါး၊ ဖိနပ်၊ ရေဘူးတို့နှင့်အတူ ငွေသားအချို့ ကာလတန်ဖိုး ငွေကျပ်သိန်း ၁၀၀ ကျော်ကို အလှူခံပြီး မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်၊ ပုတီးကုန်းကျေးရွာများသို့ စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက သွားရောက်ထောက်ပံ့ကူညီခဲ့သည်။

ထို့နောက် မန္တလေး၊ အောင်မြေသာစံမြို့နယ် စာရေးဆရာ အသင်းအမှုဆောင် ဆရာမြင့်သိန်း (ပညာရေး)နှင့် ရပ်မိ၊ ရပ်ဖ ဦးညဏ်လင်းတို့က ပစ္စည်းနှင့် သက်ကြီးရွယ်အိုထောက်ပံ့ငွေများကို အလှူရှင်များကိုယ်စား ထပ်ဆင့်ပေးအပ်လှူဒါန်းရာ ရေဘေးသင့် ဘုန်းတော်ကြီးနှင့် သက်ကြီးရွယ်အိုတို့ကိုယ်စား ၎င်းမြို့နယ်မှ လက်ထောက်ပညာရေးမှူး(ငြိမ်း) ဦးကျင်အောင်က လက်ခံရယူပြီး ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။

**(အောက်ပုံ)(ဝ၄၉)**



## သတင်းပဒေသာ

### စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင် မော်လိုက်မြို့၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက် ၉နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေ၊ ဆန်၊ ဆီနှင့် မုန့်မျိုးစုံထောက်ပံ့

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ ရန်အောင်မြင်ဘုန်းတော်ကြီးကျောင်းတိုက်ရှိ ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ရေသန့်၊ ဆပ်ပြာ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် မုန့်မျိုးစုံများကို "ထက်အောင်"ဆောက်လုပ်ရေးကုမ္ပဏီမှ ယမန်နေ့ နံနက်ပိုင်းက ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာရင်းစစ်၊ စာရင်းကောက်နည်းပြသင်တန်းဖွင့်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး မြို့နယ်အဆင့်စာရင်းစစ် စာရင်းကောက်နည်းပြသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေသဲဖြူခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အခြေခံစက်ချုပ်နည်းသင်တန်းဆင်း

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း အခြေခံစက်ချုပ် နည်းသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ ရုံးရှိ လေ့ကျင့်ပျိုးထောင်ရေးစင်တာ (Incubation Center) ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်း ဖွင့်လှစ်

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အ·ထ·က(၁)လယ်ဝေး၊ ရွှေရတုခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နဝင်းချောင်းရေများ လျှံတက်ကာ ရပ်ကွက်ကျေးရွာအချို့နှင့် ဆေးရုံ၊ အခြေခံပညာကျောင်းများ၊ သာသနိကအဆောက်အဦးရေများ ဝင်ရောက်ခဲ့ပြီး ယခုအခါရေများ ပြန်လည်ကျဆင်းသွားသည့်အတွက် ယမန်နေ့ နံနက်ပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဝန်ထမ်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေး လှုငယ်စကားဝိုင်း ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ပင်ငါးမြောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြို့နယ်သံဃာ့ဝန်ဆောင် ဆဋ္ဌနှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့(အဋ္ဌမအကြိမ်) မြို့နယ်သံဃာ့ဝန်ဆောင် ဆဋ္ဌနှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက သာသနာ ၂၅၀၀ ဗိမာန်တော်ကြီး၌ ကျင်းပရာ မြို့နယ်ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သာသနဓဇမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော်နှင့် သံဃာ့ဝန်ဆောင်ဆရာတော် ၄၅ ပါး ကြွရောက်တော်မူပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မြို့နယ်ဩဝါဒါစရိယ ဓမ္မာစရိယ အေးကျောင်း ညောင်ကန်တိုက်အုပ်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဣန္ဒကထံမှ ဩဝါဒကထာ နာယူကြည်ညိုကြပြီးနောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က သာရဏီယကထာ လျှောက်ထားတော်မူသည်။

ဆက်လက်၍ သာသနာရေးဆိုင်ရာ ဆဋ္ဌနှစ်ပတ်လည်အစည်းအဝေး အစီရင်ခံစာကို တင်သွင်းလျှောက်ထားသည်။ ထို့နောက် တက်ရောက်လာကြသည့် သံဃာ့ဝန်ဆောင်ဆရာတော်များက ဘာသာ၊ သာသနာရေးဆိုင်ရာများ၊ ဝိနိစ္ဆယရေးရာများ၊ စာအောင်ဆုနှင်းသဘင်ကျင်းပရေးဆိုင်ရာများ စသည်တို့ကို အသီးသီး လျှောက်ထားတင်ပြကြပြီးနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြခဲ့ကြောင်း သိရသည်။ **(အပေါ်ခဲပုံ)**

**(မန္တလေးနေ့စဉ်-၁)**

## ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ကန်တော်ကြီး-ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့ နံနက်ပိုင်းက သီလရှင်ဆောင်ကြီးကြပ်ရေးနှင့် အမျိုးသမီးဆပ်ကော်မတီအလှူရှင်အဖွဲ့မှ လစဉ်ဆွမ်းအလှူငွေကျပ် ခုနစ်သိန်း လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်

**(အောက်ပုံ)**

**(ကဆ)**






## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး စက်တင်ဘာ ၂၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား အရုဏ်ဆွမ်းကပ်သည်။

ထို့နောက် မန္တလေးမြို့နေ ကိုစိုးမင်းလတ်+မခင်ချိုသက်၊ (သား)မောင်ပြည့်သျှမ်၊ (သမီး)မလဝန်းပြည့် မိသားစုက ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ(ဓမ္မာစရိယ၊ B.A)အရှင်မြတ် ဟောကြားချီးမြှင့်တော်မူသော ရေစက်ချအနုမောဒနာတရားနာယူကာ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၄ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် တစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၁၅ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ကဆ)**

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)မှ ရေဘေးသင့်ဒေသများသို့ ငွေနှင့်ပစ္စည်းငွေကျပ် သိန်း ၅၀၀ ကျော်ဖိုး လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)၏ ဦးဆောင်မှုဖြင့် မန္တလေးခရိုင်နှင့် မြို့နယ်အိမ်ခြံမြေဝန်ဆောင်မှုအသင်းခွဲများဦးဆောင်၍ တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေနှင့်ပစ္စည်း ငွေကျပ်သိန်း ၅၀၀ကျော်တန်ဖိုးရှိ ပစ္စည်းများကို စက်တင်ဘာ တတိယပတ်အတွင်း ကိုယ်တိုင်ကိုယ်ကျ မြို့နယ်များသို့ သွားရောက်၍ လက်ဝယ်လှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်တိုး+ဒေါ်လှလှဝင်း(စိန်ခြယ်စားသောက်ကုန်ထုတ်လုပ်ရောင်း ဝယ်ဖြန့်ချိရေးနှင့် သုခမ္မအိမ်ခြံမြေ အထွေထွေအကျိုးဆောင်ကုမ္ပဏီ) က ငွေကျပ် ၁၀ သိန်းနှင့်အတူ ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ရှင်လန်း တံဆိပ်မုန့်မျိုးစုံ အပါအဝင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အိမ်ခြံမြေအကျိုးဆောင်အသင်းဝင်များ၏ လှူဒါန်းထားသောအဝတ်အထည်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား စက်တင်ဘာ ၂၀ ရက်က ပြသအလှူခံထားရှိပြီး ရေဘေးသင့်မြို့နယ်များသို့ သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**



# ဆည်းဆာချိန်

နေ့စဉ်နေ့တိုင်း နံနက်တိုင်း 'ငါသည် ထာဝရ အသက်ရှင်နေထိုင်သွားမည့်သူဖြစ်သည်'ဟူသော စိတ်ဓာတ်ဖြင့် တစ်နေ့တာဘဝကို အစပြုပါ။

(ဘယ်ရီဂိုးလဒင်း)

လောကမှာ လူမှုဘဝ တစ်နေ့တာ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားကြရင်း စိတ်ဓာတ်မြင့်မားရေး၊ စိတ်ကြည်လင်ချမ်းမြေ့ရေးအတွက် အချိန်ပိုပေးကြရပါမည်။ လူတစ်ယောက် ဘယ်လောက်အထိ အသက်ကြီးသလဲ၊ ဘယ်လောက်အထိ အရွယ်ပို့သလဲဆိုတာ အကဲခတ်ချင်ရင် မလိုအပ်တာတွေကို သူဘယ်လောက်အကျဉ်းချုံးသလဲဆိုတာ ကြည့်ပါ။ မလိုအပ်ဘဲ အကျယ်ချဲ့နေရင် အသိဉာဏ်ရင့်ကျက်မှု မရှိသေးသောသူမှန်း သိနိုင်ပါသည်။

အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ကိုယ်နဲ့မဆိုင်သောကိစ္စများမှာ ဝင်မပါမိဖို့ ဂရုစိုက်ရပါမည်။ တချို့ကိစ္စများမှာ မဆီမဆိုင် ဝင်ပြောမိသော ကိုယ့်စကားများက အသုံးမဝင်ဘဲ တစ်ပါးသူနားဝမှာ ရယ်စရာဖြစ်နေတတ်ပါသည်။ စကားကို နည်းနိုင်သမျှနည်းကြရပါမည်။

အသက်အရွယ် အိုမင်းမစွမ်းဖြစ်လာသည့်အခါ ကိုယ့်အကြောင်းကို ကိုယ်သိပါ။ ကိုယ့်ကိုမလိုအပ်သူတွေနဲ့ မပတ်သက်မိပါစေနဲ့။ ကိုယ့်ကို မသိတတ်တဲ့သူတွေနဲ့လည်း မနေပါနဲ့။ ကိုယ့်အတွက် အကျိုးမရှိတဲ့နေရာတွေကိုလည်း မသွားပါနဲ့။ သံယောဇဉ်တွေကိုလည်း တွယ်တာမနေပါနဲ့။ တုံ့ပြန်ကျေးဇူးတွေကိုလည်း မျှော်လင့်မနေပါနဲ့။ ကိုယ်လျှောက်ရမယ့်လမ်းကိုသာ ရွေးရှုပါ။ ကိုယ့်အတွက်သာ ကိုယ်ပြင်ဆင်ပါ။

ဘဝမှာ ရင့်ကျက်လာပြီဆိုလျှင် စိတ်အစာမကြေ ဒေါသဖြစ်ပေမယ့်လည်း မပေါက်ကွဲအောင် ထိန်းတတ်လာသည်။ စကားပြောချင်ပေမယ့် အချိန်အခါကြည့်ပြီးမှ ပြောတတ်လာသည်။ မယုံပေမယ့်လည်း တစ်ပါးသူရဲ့စကားကို အလိုက်သိစွာ နားထောင်ပေးတတ်လာသည်။ တစ်ယောက်တည်း အထီးကျန်နေသောအခါ အတွေးတွေကို အစွန်းမရောက်ဖို့ သတိထားတတ်လာသည်။ တကယ်တော့ ရင့်ကျက်တယ်ဆိုတာ ဟန်ဆောင်တတ်လာတာ မဟုတ်ပါ။ ခွင့်လွှတ်သည်းခံတတ်ခြင်းနဲ့ စိတ်နေစိတ်ထား သဘောထားကြီးလာခြင်းသာ ဖြစ်ပါသည်။

ဘဝမှာ တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထားကာ တိတ်တိတ်ဆိတ်ဆိတ် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနေသွားကြလျှင် စိတ်ချမ်းသာကြမည်။ သူ့အကျိုးလည်းမရှိ၊ ကိုယ့်အကျိုးလည်းမဲ့စေမယ့် စကားတွေကို ပြောဆိုပြီး ဖြတ်သန်းရခြင်းသည် စိတ်ပင်ပန်းလှပါသည်။

**အတိတ်ကိုတွေး ၊ မဆွေးလေနဲ့**
**အတိတ်ဆိုတာ ပြန်မလာဘူး**
**အနာဂတ်မှန်းဆ ၊ မတမ်းတနဲ့**
**အနာဂတ်ဆိုတာ မသေချာဘူး**
**ပစ္စုပ္ပန်မှာ လုပ်သင့်ရာဝယ်**
**ပညာလှံ့လ အသုံးချလျက်**
**ဘဝတန်ဖိုး ၊ အားမာန်ကိုး၍**
**မြတ်နိုးကြည်ဖြူ ၊ အရယူလော့ ။ ။**

(ပါမောက္ခချုပ် ဒေါက်တာအရှင် နန္ဒမာလာဘိဝံသ)

လူတစ်ယောက်သည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အတွေးအခေါ် ရင့်ကျက်ရမည်။ အမြော်အမြင်ကြီးမားရမည်။ ဗဟုသုတပြည့်စုံကြရမည်။ အတွေ့အကြုံတွေလည်း ကြွယ်ဝလာရမည်။ ထိုဘဝ အတွေ့အကြုံများကို သိမြင်ဆင်ခြင်သုံးသပ်ကာ ဘဝခရီးလမ်းတွင် တွေ့ကြုံခဲ့သမျှ လောကဓံကို ကြံ့ကြံ့ခံပြီး ရဲရဲရင့်ရင့်ရင်ဆိုင်ကျော်လွှားနိုင်သူများသည် အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ကြမည်သာ။

လူ့ဘဝမှာ အရွယ်သုံးပါး ရှိပါသည်။ 'ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာ'ဟူသော အရိုးရှင်းဆုံး လမ်းညွှန်ချက်သည် ယနေ့အချိန်အထိ သွေဖည်တိမ်းစောင်းသွားခြင်း မရှိပါ။ လူ့ဘဝကို အရွယ်စုံ ဖြတ်သန်းခဲ့ကြသူတိုင်းသည် ဘဝစုံကျင်လည်ခဲ့ကြသူများ ဖြစ်ကြပါသည်။ ငယ်စဉ်ကတည်းက ဘဝကို ဖြတ်သန်းခဲ့ကြသည့် အရွယ်ဆိုသည်မှာ ဘဝရဲ့အဖူးအညွှန့်အတက်လေးများဖြစ်သကဲ့သို့ နုနယ်ခြင်း၊ ပျိုမြစ်ခြင်း၊ တက်ကြွခြင်း၊ လန်းဆန်းခြင်း အားမာန်တွေအပြည့်နဲ့ ဝင့်ကြွားခဲ့ကြသည့်အချိန် ဖြစ်ပါသည်။

ဘဝသည် အပြောင်းအလဲမြန်၏။ လူသည်လည်း အပြောင်းအလဲမြန်၏။ စိတ်သည်လည်း အပြောင်းအလဲမြန်၏။ ဘယ်အချိန်ဖြစ်ဖြစ်၊ ဘယ်နေရာဖြစ်ဖြစ်၊ ဘယ်အကြောင်းနဲ့ဖြစ်ဖြစ်၊ ဘယ်သူမှ ကိုယ့်အတွက် အချိန်ပြည့်ရှိနေမှာ မဟုတ်ပါ။ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးပါ။ ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ပါ။ ကိုယ့်ကိုယ်ကိုယ်သာ ယုံကြည်ပါ။ ကိုယ့်ကိုယ်ကိုယ်သာ တန်ဖိုးထားပါ။ ကိုယ့်ကို နားလည်ပေးနိုင်သူမှာ ကိုယ်သာဖြစ်ပါသည်။

တစ်ခါတလေ အသက်ကြီးသူများသည် ဘဝရှေ့ရေးအတွေးများကာ အားငယ်တတ်ကြသည်။ 'ငါအသက် ကြီးသွားပြီ။ အရွယ်အိုသွားပြီ။ အခုချိန်မှာ ငါ့ဘဝ ပြောင်းလဲနိုင်မှာ မဟုတ်တော့'ဟူ၍ မယူဆပါနဲ့။ ထက်သန်သောစိတ်ဓာတ်သာ ရှိမည်ဆိုလျှင် ဘယ်အသက်အရွယ် ရောက်နေပါစေ ခေါင်းငုံ့တိုးလျှိုးသော အကျင့်ကို ပယ်ဖျက်ကြရမည်။ ဖြစ်လာသမျှ အကောင်းအဆိုးကို ကံပေးသမျှ ခံယူတတ်သောစိတ်ကို စွန့်ပစ်ကြရမည်။

ယနေ့ ဆုံးရှုံးခဲ့သော အချိန်နာရီသည် ထာဝရ ဆုံးရှုံးသွားပြီဖြစ်သည်။ မနက်ဖြန်မှာ နောက်ထပ် နှစ်ဆယ့်လေးနာရီ ရလိမ့်ဦးမည်။ သို့သော် မနေ့ကအချိန်ကိုကား တစ်နာရီမျှပင် ပြန်ခေါ်၍ မရနိုင်တော့ပါ။ ပြန်လိုချင်၍လည်း မရနိုင်တော့ပါ။

တချို့သော လူများသည် အသက်အရွယ်ကြီးလာသော်လည်း လောဘများစွာ ကြီးထွားနေဆဲ၊ ဒေါသများစွာ ကျန်ရှိနေဆဲ၊ မောဟကိုသာ လွှမ်းမိုးနေဆဲ၊ အလိုရမ္မက်တို့ တိုးပွားနေဆဲ၊ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာန်မာန၊ အလိုရမ္မက်၊ တပ်မက်မှုများစသော အကုသိုလ်တရားများ ဖြစ်နေဆဲပါ။

သက္ကရာဇ်တွေ နှစ်ရှည်လများ သုံးစွဲခဲ့ပြီးပါပြီ။ ဘာတွေပဲဖြစ်ခဲ့ပါစေ၊ ဘာတွေပဲ ဖြစ်နေပါစေ ဘဝကို အေးချမ်းစွာ နေထိုင်ပါ။ အမုန်းမရှိသောဘဝမှာ အကောင်းဆုံး ခွင့်လွှတ်သည်းခံခြင်းများနှင့် နေသွားကြရပါမည်။ ဘဝတစ်ခုမှာ ရှင်သန်လှုပ်ရှားခဲ့ကြသည့် လူသားများသည် ခေတ္တဧည့်သည်များသာ ဖြစ်ပါသည်။

အသက်အရွယ် အိုမင်းလာသည့်အချိန်မှာ လူအိုတစ်ယောက်ရဲ့ဆန္ဒက ကျန်းကျန်းမာမာ ကိုယ့်ခန္ဓာကို ကိုယ်ချီနိုင်တဲ့ဘဝနဲ့ အသက်ရှည်နေရပါစေ၊ ဖြစ်နိုင်ရင် လူ့ဘဝမှာ အသုံးကျသောလူ ဖြစ်ပါရစေ၊ လူအိုတစ်ယောက်ဘဝမှာ ဝေဒနာသည်တစ်ယောက်ဘဝနဲ့ အသက်ရှည်ရှည် မနေပါရစေနဲ့ ဟူ၍ ဆုတောင်းတတ်ကြစမြဲ။

အလွန်အဖိုးတန်လှသော ပစ္စုပ္ပန်အချိန်တွင် ပစ္စုပ္ပန်ကိစ္စဖြစ်သော ပြောမှု၊ ပြုမှု၊ တွေးကြံမှုတို့ကို သတိကပ်ကာ ဉာဏ်နှင့်ယှဉ်ပြီး အပျက်မြင်အောင် နှလုံးသွင်း ဆင်ခြင်နိုင်ကြရပါမည်။

ပုထုဇဉ်လူသားများသည် မွေးဖွားလာစဉ်ကပင် လောဘ၊ ဒေါသ၊ မောဟများကို ဖက်တွယ်ပြီး ရှင်သန်ကြီးပြင်းလာခဲ့ကြသူများ ဖြစ်ပါသည်။ ထိုကိလေသာစိတ်များကို ဒါန၊ သီလ၊ ဘာဝနာတရားများဖြင့် ပြောင်စင်အောင် ဖြူဖွေးသန့်စင်အောင် လျှော်ဖွပ်ကြရပါမည်။

သို့မှသာ ကိုယ်ပိုင်ဆိုင်ခွင့်ရသည့် လူ့ဘဝခဏမှာ စိတ်ငြိမ်းချမ်းခြင်း၊ ကိုယ်ကျန်းမာကာ ချမ်းသာသုခပြည့်ဝခြင်း ကောင်းကျိုးအဖြာဖြာကို ပစ္စုပ္ပန်လက်ရှိအချိန်မှာပင် လက်တွေ့ခံစားကြရမည်သာ။

အသက်အရွယ် အိုမင်းလာလျှင် လက်ကျန်ဘဝ နေဝင်ဆည်းဆာချိန်အတွက် အိုစာ မင်းစာရှိဖို့ လိုပါသည်။

**ကိုယ်တိုင်လှူဒါန်းပေးကမ်းသော ဒါန**
**ကိုယ်ရဲ့နှုတ်ကို စောင့်ထိန်းသော သီလ**
**ပွားများအားထုတ်နေသော ဘာဝနာ**
**ထိုကုသိုလ်များကသာ**
**မိမိအတွက် အိုစာ မင်းစာ အစစ်ပါ။**

**ဦးတေဇိန္ဒ(ကံဦး)**

ထို့ကြောင့် အသက်ကြီးရင့်လာလျှင် အရွယ်အိုမင်းလာလျှင် ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ပါ။ ကိုယ့်စိတ်ကို ကိုယ်ထိန်းချုပ်ပါ။ ကိုယ့်တရားကို ကိုယ်ရှုမှတ်ပါ။ ခန္ဓာရလာကတည်းက ဝေဒနာရလာကာ အိုရမည်သာ။ အိုဖို့ရာအတွက် မအိုခင်ကတည်းက ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်များ ကြိုတင်ပြင်ဆင်ကာ အိုစာ မင်းစာ စုဆောင်းထားကြရပါမည်။

**သက်ကြီးဘိုးဘွားများ ဆည်းဆာချိန်ခါ**
**လှပသာယာကြပါစေ . . . ။ ။**

**မိုးထက်ကို(အမရပူရ)**

## မြန်မာ့ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပ

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်း ဉာဏခန်းမတွင် ကျင်းပသည်။

အစီအစဉ်အရ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အထက်တန်းပြဆရာမ ဒေါ်မေဝင်းမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-12 ကျောင်းသားမောင်စွမ်းထက်ဦးက လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-12 ကျောင်းသူ မမြသရဖီထွန်းက လူငယ်နှင့်ဆိုရှယ်မီဒီယာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-12 ကျောင်းသူ မတင်ဇာလင်းက လူငယ်နှင့်လူကုန်ကူးမှု ခေါင်း စဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသူ မသန့်ကြည်ဖြူစင်က လူငယ်နှင့်ကိုယ်ကျင့် တရား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသူ မရွှန်းလဲ့လဲ့က လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပါဝင်မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီဦး နှင့်ဆရာ၊ဆရာမများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ လူမှောင်ခိုနှင့်လူကုန်ကူးမှု အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များ ခင်းကျင်းပြသပေးထားရာ ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ဝင်တစား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၃)



## ဆန်းသစ်ထားသည့် မျိုးဆက်သစ်တမဂေါ့ချိများကို ဗြိတိန်နိုင်ငံတွင် ဝယ်ယူနိုင်ရန် လန်ဒန်၌ ဆိုင်ဖွင့်ထား



**လန်ဒန် စက်တင်ဘာ ၂၁**

၁၉၉၀ ပြည့်လွန်နှစ်များအတွင်းက တစ်ကမ္ဘာလုံးသို့ ရောက်ရှိခဲ့သော တမဂေါ့ချိခေါ် လက်ပတ်မပါသောနာရီပုံစံ ဒီဂျစ်တယ်ကစားစရာများ လူငယ်လူရွယ်များအကြားရေပန်းစားခဲ့ဖူးသည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ယင်းကစားစရာများကွယ်ပျောက်နေခဲ့ရာမှ ၂၀၂၀ပြည့်လွန်နောက်ပိုင်းတွင် ပြန်လည်ခေတ်စားလာခဲ့ပြန်သည်။

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် အကြား ယင်းတမဂေါ့ချိကစားစရာများ၏ဝယ်လိုအား တစ်ကမ္ဘာလုံးတွင် နှစ်ဆကျော်မျှ မြင့်တက်လာခဲ့သည်။

နောက်ဆုံးဆန်းသစ်ထားသည့် မျိုးဆက်သစ်တမဂေါ့ချိများကို ဗြိတိန်နိုင်ငံတွင် ဝယ်ယူနိုင်ရန် လန်ဒန်၌ဆိုင်ဖွင့်ထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မျိုးဆက်သစ်တမဂေါ့ချိများသည် မူလကစားစရာများထက် နည်းပညာပိုမိုသာလွန်သဖြင့် လူကြိုက်များနေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**







## ယူကရိန်းအရပ်ဘက်၊ စစ်ဘက်ဝန်ထမ်းများကို တယ်လီဂရမ်မသုံးရန် အစိုးရက တားမြစ်

**ကီယက်ဗ် စက်တင်ဘာ ၂၁**

ယူကရိန်းအရပ်ဘက်၊ စစ်ဘက်ဝန်ထမ်းများကို တယ်လီဂရမ်လူမှုကွန်ရက်မသုံးရန် အစိုးရက တားမြစ်ထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တယ်လီဂရမ်ကို ယခင်က ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံစလုံးတွင် လူသန်းပေါင်းများစွာ စွဲစွဲမြဲမြဲ အသုံးပြုခဲ့ကြသည်။

ယခုနောက်ပိုင်းတွင် တယ်လီဂရမ်မှတစ်ဆင့် ထောက်လှမ်းခံရမည်ကို စိုးရိမ်သဖြင့် ယူကရိန်းအစိုးရက ယင်းကဲ့သို့ တားမြစ်ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ရုတ်တရက်မိုးသည်းထန် မြို့လေးမြို့၌ လူပေါင်းများစွာ ရှောင်တိမ်း

**တိုကျို စက်တင်ဘာ ၂၁**

ဂျပန်နိုင်ငံအလယ်ပိုင်းတွင် စက်တင်ဘာ ၂၀ ရက်ညပိုင်းက ရုတ်တရက်မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဟွန်ရှူးကျွန်းရှိ မြို့လေးမြို့၌ လူပေါင်းများစွာ ရေဘေးလွတ်ရာသို့ အရေးပေါ် ရှောင်တိမ်းခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိရှိကဝဒေသအတွင်းရှိ ဝဂျိမမြို့မှ လူပေါင်း ၁၈၀၀၀ ဦး၊ စုဇုမြို့မှ လူပေါင်း ၁၂၀၀၀ ဦးတို့ကို သက်ဆိုင်ရာက ယာယီခိုလှုံရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ရသည်။

ထိုမြို့နှစ်မြို့သည် လူပေါင်း ၂၃၆ ဦး သေဆုံးစေခဲ့သော နှစ်သစ်ကူးနေ့ ငလျင်ဘေးဒဏ်ဆိုးရွားစွာ ကြုံတွေ့ခဲ့သည့် နေရာပင်ဖြစ်သည်။

ရွာသွန်းမည့်မိုးရေချိန် လွန်ကဲရာမှ ဂျပန်နိုင်ငံအလယ်ပိုင်းရှိ မြစ် ၁၂ စင်းတွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နိုင်သည်ဟု အင်န်အိတ်ခ်ကေ သတင်းဌာနက ထုတ်ပြန်သတိပေးထားသည်။

အိရှိကဝဒေသအတွင်းရှိ မြစ်သုံးစင်းအတွင်း စက်တင်ဘာ ၂၁ ရက်က မြစ်ရေလျှံမှုစတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0





## တောင်ကိုရီးယားနွေရာသီတွင် ပူပြင်းလွန်းသဖြင့် ကင်မ်ချီလုပ်သော ဂေါ်ဖီထုပ်ထွက်ရှိမှု နည်းပါး

**ဆိုးလ် စက်တင်ဘာ ၂၁**

ယခုနှစ် တောင်ကိုရီးယားနွေရာသီတွင် ပူပြင်းလွန်းသဖြင့် ကိုရီးယားရိုးရာကင်မ်ချီလုပ်သော ဂေါ်ဖီထုပ်စိုက်ပျိုးထွက်ရှိမှု ပမာဏ အလွန်နည်းပါးခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ရာသီဥတုပူပြင်းမှုကြောင့် ဂေါ်ဖီထုပ်အတွက်နည်းရာမှ ဈေးနှုန်း ၇၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ရာ ဝင်ငွေနည်းပါးသော ကိုရီးယားမိသားစုများတွင် ကင်မ်ချီ ဝလင်အောင်စားနိုင်ရန် လွယ်ကူတော့မည်မဟုတ်ဟု စိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

တောင်ပေါ်ဒေသရှိ အေးသောရာသီဥတုကိုနှစ်သက်သည့် ဂေါ်ဖီထုပ်များသည် အပူဒဏ်ကို မခံနိုင်သည်ကတစ်ကြောင်း ပိုးကျသည်ကတစ်ကြောင်းတို့ကြောင့် အထွက်နည်းခဲ့ခြင်းဖြစ်ကြောင်း သီးနှံသိပ္ပံပညာဌာနမှ ပိုးမွှားပညာရှင် လီယောင်ဂျူကရှင်းပြသည်။

အကယ်၍ ဤပြဿနာကို ပညာရှင်များနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ ပူးပေါင်းမဖြေရှင်းနိုင်ပါကလာမည့် ၂၀၉၀ ပြည့်နှစ်တွင် တောင်ကိုရီးယား၌ ဂေါ်ဖီပင်များ စိုက်ပျိုးဖြစ်ထွန်းတော့မည်မဟုတ်ဟု ၄င်းက သတိပေးလိုက်ကြောင်း သိရသည်။

**Mon**

STOP
AIDS



တရုတ်နိုင်ငံတောင်ပိုင်း ရှင်ကျင်းမြို့တွင် အသက် ၁၀ နှစ်အရွယ် ဂျပန်ကျောင်းသား အသတ်ခံရပြီးနောက် တရုတ်အခြေစိုက် ဂျပန်စက်ရုံတစ်ရုံပြင်ပ၌ ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်နေကြသည်ကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။

**Mon**

## အသက် ၄၉ နှစ်အရွယ် ပဟေဠိဆန်သောအမျိုးသမီး ပေဂျာများပေါက်ကွဲမှုနှင့်မသက်ဆိုင်ဟု ငြင်းဆို





**ဘူဒါပက်စ် စက်တင်ဘာ ၂၁**

ခရစ္စတီနာဘာဆိုနီအာဆီဒီယာကိုနီဟု အမည်ရသည့် အသက် ၄၉ နှစ်အရွယ် ပဟေဠိဆန်သောအမျိုးသမီးက ဟစ်ဇ်ဘိုလာပြောက်ကျားများ ကိုင်ဆောင်သော ပေဂျာများပေါက်ကွဲမှုနှင့် မသက်ဆိုင်ဟု စက်တင်ဘာ ၂၀ ရက်တွင် ငြင်းဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီတလီနိုင်ငံဖွား ဟန်ဂေရီနိုင်ငံသူ ရူပဗေဒပါရဂူဘွဲ့ရရှိထားသော အဆိုပါအမျိုးသမီးသည် ၂၀၂၂ ခုနှစ်က ဘီအေစီဟု အမည်ရသော အကြံပေးကုမ္ပဏီကို စတင်တည်ထောင်ခဲ့သည်။

လက်ဘနွန်နိုင်ငံ၌ ပေါက်ကွဲခဲ့သော ပေဂျာများ၏ဒီဇိုင်းကို ထိုင်ဝမ်ကျွန်းအခြေစိုက် ဂိုလ်အပိုလိုကုမ္ပဏီအတွက် ၄င်းတို့ကုမ္ပဏီက ရေးဆွဲပေးခဲ့သော်လည်း ပေါက်ကွဲမှုသည် မိမိတို့နှင့်မသက်ဆိုင်ကြောင်း ၄င်းက ရှင်းပြခဲ့သည်။

ခရစ္စတီနာဘာဆိုနီအာဆီဒီယာကိုနီသည် အဆိုပါကုမ္ပဏီ မတည်ထောင်မီ၌သာမက တည်ထောင်ပြီးနောက်ပိုင်းတွင်လည်း တစ်ကိုယ်တည်း နေထိုင်ရှင်သန်ဖြတ်သန်းခဲ့သဖြင့် ပဟေဠိဆန်သည်ဟု လုပ်ဖော်ကိုင်ဖက်များက ထင်မြင်ယူဆခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## စားစရာထဲမှ ကြွက်အရှင်ထွက်လာသဖြင့် ခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်




**ကိုပင်ဟေဂင် စက်တင်ဘာ ၂၁**

စားစရာထဲမှ ကြွက်အရှင်ထွက်လာသဖြင့် ခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရသည့်ဖြစ်ရပ် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တော်၌ ယခင်အပတ်က ကြုံတွေ့ခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အက်စ်အေအက်စ်ဟု အတိုကောက်ခေါ်ဝေါ်သော စကင်ဒီနေးဗီးယားလေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်သည် နော်ဝေနိုင်ငံ၏မြို့တော်အော်စလိုမှ စပိန်နိုင်ငံ မာလာဂါမြို့သို့ ဦးတည်ပျံသန်းနေစဉ်ယင်းဖြစ်ရပ် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

စားမည့်နေ့လယ်စာဘူးကို ဖွင့်လိုက်စဉ် ကြွက်အရှင်ထွက်လာခြင်းဖြစ်ပြီး ထိုကြွက်ကြောင့် လေယာဉ်ပေါ်၌ရုတ်ရုတ်သဲသဲဖြစ်သွားကာ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0




# ရွာသစ်ကျေးရွာတွင် (ဒသမ)အကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးပေး

**ကျောက်ဆည် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၌ မြို့ပြနှင့်ကျေးလက်ကွာဟမှုလျော့နည်းလာစေရေး၊ ကျေးလက်နေပြည်သူများ လူမှုဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ပြီး အရင်းမပျောက် မ,တည်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက ရွာသစ်ကျေးရွာတွင် (ဒသမ)အကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးပေးသည်။

စီမံကိန်းငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်စီမံကိန်းကော်မတီအနေဖြင့် ပြည်သူများနှင့်အတူ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြစိမ်းရောင်စီမံကိန်းငွေများအား တာဝန်ရှိသူများနှင့်အတူ ရွာသစ်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ကိုင်သူ ၄၄ ဦးအား ငွေကျပ် ၂၂၉ သိန်း၊ ငါးသောင်းကျပ်၊ မွေးမြူရေးလုပ်ကိုင်သူ ၁၀၉ ဦးအား ငွေကျပ် ၃၅၃ သိန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၃ ဦးအား ငွေကျပ် ၆၅ သိန်း၊ ငါးသောင်းကျပ် အသီးသီးထုတ်ချေးပေးခဲ့သည်။ **(အပေါ်ပုံ)**

ရွာသစ်ကျေးရွာတွင် အိမ်ခြေ ၁၆၁ အိမ်၊ အိမ်ထောင်စု ၁၆၈ စု၊ လူဦးရေ ၉၆၇ ဦး နေထိုင်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားကာ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ တွဲဖက်လုပ်ကိုင်ကြပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ခဲ့ကြောင်း သိရသည်။

(၄၈၅)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အမှတ်(၃၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ နှစ်(၆၀)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ပေါက်ချောင်းရပ်ကွက်ရှိ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ကျင်းပသည်။

နှစ်(၆၀)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စပေါင်းသွေးလှူဒါန်းပွဲကို အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၃၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး အောင်မြင့်မြတ်၏ ကြီးကြပ်ကွပ်ကဲမှု ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးလူလု၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များက ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် သွေးလှူဒါန်းကြရာ ၎င်းစပေါင်းသွေးလှူဒါန်းပွဲသို့ အထူးကုဆရာဝန်(ရောဂါဗေဒ)ဒေါက်တာပြုံးဇာခြည်အောင်၊ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးလူလု၊ ဒုတိယရဲမှူး မျိုးအောင်တို့က လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးလူလု၊ ဒုတိယရဲမှူး မျိုးအောင်တို့က သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား တစ်ဦးလျှင် ကြက်ဥ ၁၀လုံး၊ Royal D တစ်ဘူးစီနှင့် Good Morning ပေါင်မုန့်တို့အား ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် အထူးကုဆရာဝန် (ရောဂါဗေဒ)ဒေါက်တာပြုံးဇာခြည်အောင်က ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်တွင် သွေးလှူဒါန်းခဲ့သည့်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးလူလု၊ ဒုတိယရဲမှူး မျိုးအောင်တို့က လက်ခံရယူကြသည်။

အဆိုပါ နှစ်(၆၀)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စပေါင်းသွေးလှူဒါန်းပွဲတွင် အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၃၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး အောင်မြင့်မြတ်၏ ကြီးကြပ်ကွပ်ကဲမှု ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးလူလု၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင် ၂၉ဦးနှင့် ၎င်းတို့၏မိသားစုဝင် ၁၅ဦးတို့က ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် စပေါင်း သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၆၉)



# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်လှစ်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉နာရီက အခြေခံပညာ အထက် တန်းကျောင်း ရတနာမော်ကွန်း ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းဗိုလ်ယာန်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးစောလှမောင်က သင်တန်းသား၊သင်တန်းသူများအား လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းသား၊သင်တန်းသူများအား ကြည့်ရှု အားပေးခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းတွင် နည်းပြဆရာ၊ဆရာမ(၇)ဦးဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၆၃ဦး တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၇ ရက်မှ၂၈ရက်အထိ သင်ကြားဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# အသက်ကယ်အင်္ကျီ၊ မိုးကာ၊ ဆေးအိတ်နှင့်ကြက်ခြေနီ Waist Coat များ ထောက်ပံ့

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဒေါက်တာသိန်းထွန်းဆောင် ဦးဆောင်သော တိုင်းဒေသကြီး ကြက်ခြေနီ စေတနာ့လုပ်အားရှင်များသည် ယမန်နေ့က ရေဘေးသင့်ဒဏ်ခံခဲ့ရသော ရမည်းသင်းမြို့နယ်နှင့်ပျော်ဘွယ်မြို့နယ်များသို့ သွားရောက်ခဲ့ပြီး ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရမည်းသင်း၊ ပျော်ဘွယ်နှင့် မိတ္ထီလာမြို့နယ် ကြက်ခြေနီများအား သွားရောက်တွေ့ဆုံခဲ့သည်။

ထို့အပြင် ရေများဝင်ရောက်၍ ရေကျသွားပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များအားတစ်မြို့နယ်လျှင် အသက်ကယ်အင်္ကျီ ၅ထည်၊ ဖိုက်ဘာဦးထုပ်၁၀လုံး၊ မိုးကာ ၁၀ထည်၊ ဆေးအိတ်အသေး ၁၀လုံး၊ ရာဘာလည်ရှည်ဖိနပ် ၃၀စုံ၊နိုင်လွန်ကြိုးတစ်ခွေ၊ကြက်ခြေနီ Waist Coat ၁၀ထည်တို့ကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**

# ရေကျဆင်းသွားသော ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ပေး

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် အတွင်းရှိ မိုးရွာသွန်းမှု များပြားပြီး ချောင်းရေများဝင်ရောက်၍ ရေနစ်မြုပ်ခဲ့သော ကျေးရွာများအနက် ရေပြန်လည်ကျဆင်းသွားသော ပေါးစံခေါးကျေးရွာ၊တဲတန်းသာကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာ ၁၇ရက်မှစတင်ပြီး ပျဉ်းမနားမြို့နယ် ဓာတ်အားခွဲရုံများမှ ဓာတ်အား ပြန်လည်ပို့လွှတ်ပေးခဲ့သည်။

ဓာတ်အားသုံးစွဲမှုတွင် အရေးပေါ်ဖြစ်ပေါ်လာပါက နေပြည်တော် ပျဉ်းမနား လျှပ်စစ်အင်ဂျင်နီယာရုံးဖုန်း-၀၆၇၈၀၂၃၆၆၆၊ ၀၆၇၈၀၂၆၀၄၄နှင့်ဖုန်း-၀၉-၇၇၄၉၈၈၈၂၇သို့ ဆက်သွယ်အကြောင်းကြားပေးရန် မေတ္တာရပ်ခံအကြောင်းကြားထားကြောင်း သိရသည်။



(ဝဲပုံ)

(၀၄၅)



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## လေဖိအားနည်းဆဲလ် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ညနေ ၅ နာရီ တိုင်းထွာချက်များအရ ထိုင်းနိုင်ငံကုန်းတွင်းပိုင်းဒေသများနှင့် မြန်မာနိုင်ငံ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံမွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်လျက် ရှိသည်။ ထို့နောက် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ စက်တင်ဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းဆဲလ်နှင့် အကြွင်းအကျန်တိမ်တိုက်များ၏ အရှိန်ကြောင့် ယနေ့ ညနေမှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာကာ နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။


### အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။


**မိုး/ဇလ**

၀-၀-၀-၀-၀

ယနေ့ညနေမှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




ယနေ့ညနေမှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ




## ပရီးမီးယားလိဂ်ပွဲစဉ်( ၅ )တွင် ချဲလ်ဆီး၊ လီဗာပူး၊ စပါးအသင်းတို့ နိုင်ပွဲ ကိုယ်စီရယူနိုင်ခဲ့




**လန်ဒန် စက်တင်ဘာ ၂၁**

ပရီးမီးယားလိဂ်ပွဲစဉ်(၅) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီက ဝက်စ်ဟမ်းအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချဲလ်ဆီးအသင်းက ဝက်စ် ဟမ်းအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ချဲလ်ဆီးအသင်းအတွက် သွင်းဂိုး သုံးဂိုးကိုမူ ပွဲချိန် ၄ မိနစ်နှင့် ၁၈ မိနစ်တွင် ဂျက်ဆင်၊ ပွဲချိန် ၄၇ မိနစ်တွင် ပါလ်မာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီ ၃၀ မိနစ်က လီဗာပူးအသင်းနှင့် ဘုန်းမောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက ဘုန်းမောက်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုး သုံးဂိုးကိုမူ ပွဲချိန် ၂၆ မိနစ်နှင့် ၂၈ မိနစ်တွင် ဒီယက်ဇ်၊ ပွဲချိန် ၃၇ မိနစ်တွင် ဒါဝင်နူနက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပွဲချိန်တူအဖြစ် စပါးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ပွဲစဉ်တွင်လည်း စပါးအသင်းက ဘရန့်ဖို့ဒ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပါးအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၈ မိနစ်တွင် ဆိုလန်ကီ၊ ပွဲချိန် ၂၈ မိနစ်တွင် ဂျီဆန်၊ ပွဲချိန် ၈၅ မိနစ်တွင် ဂျိမ်းမက်ဒီဆင်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်များတွင်လည်း အက်စတွန်ဗီလာအသင်းက ဝုဖ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ဖူလ်ဟမ်အသင်းက နယူးကာဆယ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ လက်စတာစီးတီးအသင်းနှင့် အဲဗာတန်အသင်းတို့က တစ်ဖက် တစ်ဂိုးစီဖြင့်လည်းကောင်း၊ ဆောက်သမ်တန်အသင်းနှင့် အစ်ဆွစ်ချ်အသင်းတို့က တစ်ဖက် တစ်ဂိုးစီဖြင့် ပွဲစဉ်ပြီးဆုံးခဲ့ကြောင်း သိရသည်။ **(NGB)**